# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဖေ့ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 7 April 2024 ၁၁၄၂၄


## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၆

| | | |
|---|---|---|
| ချောက် | ၄၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မိတ္ထီလာ | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၃ | ဒီဂရီဆဲလ်စီးယပ် |

### ၂၀၂၄ ခုနှစ် မတ်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

စာမျက်နှာ » ၁၆



အောင်မင်္ဂလာ(အဝေးပြေး)ယာဉ်ရပ်နားစခန်း၌ ဧပြီ ၅ ရက် နံနက်ပိုင်းက ခရီးသည်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလ အဝေးပြေးခရီးသည်တင်ယာဉ်များ လမ်းခရီး၌ စက်ချွတ်ယွင်းမှုများဖြစ်ပေါ်ပါက အရန်ယာဉ်များဖြင့် ထွက်ခွာပြေးဆွဲပေးနိုင်ရန် စီစဉ်ထားရှိ

ရန်ကုန် ဧပြီ ၆

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအခြေပြု အောင်မင်္ဂလာ(အဝေးပြေး)ယာဉ်ရပ်နားစခန်းနှင့် ဒဂုံဧရာ(အဝေးပြေး)ယာဉ်ရပ်နားစခန်းများမှ အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများဖြင့် လိုက်ပါစီးနင်းကြမည့် ခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ကြစေရန်အတွက် အဝေးပြေးခရီးသည်တင်ယာဉ်များ လမ်းခရီး၌ မတော်တဆ စက်ချွတ်ယွင်းမှုများဖြစ်ပေါ်ပါက အရန်ယာဉ်များဖြင့် ချက်ချင်းထွက်ခွာပြေးဆွဲပေးနိုင်ရန် ယာဉ်လိုင်းတစ်လိုင်းကို အရန်ယာဉ် သုံးစီး စီဖြင့် အရန်ယာဉ်များစီစဉ်ထားရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ သိရသည်။ စာမျက်နှာ ၅ ကော်လံ ၅ သို့ ❂

### ယနေ့ ဖတ်စရာ

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ဆိုတာ ရေပက်ကစားရုံသက်သက် ပွဲတော်မဟုတ်ဘဲ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေပီပီ သင်္ကြန်ကာလမှာ အရပ်လေးမျက်နှာက အယုတ်အလတ်အမြတ်မရွေး အခမဲ့ဝင်ရောက်စားသုံးနိုင်တဲ့ စတုဒိသာအလှူမဏ္ဍပ်တွေနဲ့ လှူဒါန်းခြင်း၊ သက်ကြီးရွယ်အိုတွေကို တရော်ကင်ပွန်းရည်နဲ့ ခေါင်းလျှော်ပေးခြင်း၊ အကြော်ကရမက်နံ့သာတွေနဲ့ လိမ်းပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်း၊ ဇီဝိတဒါနအဖြစ် ငါး၊ နွား၊ ငှက် စတဲ့တိရစ္ဆာန်တွေကို ဘေးမဲ့လွှတ်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဒုလ္လဘရဟန်းခံခြင်း၊ သီလရှင်ဝတ်ခြင်း၊ တရားရိပ်သာတွေမှာ ဝိပဿနာဘာဝနာစီးဖြန်းခြင်းစတဲ့ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အဖြာဖြာကိုလည်း ဆည်းပူးအားထုတ်ကြတာပါ

ဆောင်းပါး စာမျက်နှာ » ၆

သဲပုံစေတီမှ အဆင့်ဆင့်ဖြစ်ပေါ်လာသော ဝဠုကစေတီ၊ ထူပစေတီ၊ ဂူဟစေတီ စသဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တည်ဆောက်ခဲ့ကြသော မြန်ပြည်အနှံ့စေတီပုထိုး ဘုရားများ၏ ပွဲတော်များကို များသောအားဖြင့် ဤတပေါင်းလတွင် ဘုရားပွဲကျင်းပကြမြဲဖြစ်ပါသည်။ ထိုဘုရားပွဲတော်များအနက် အကြီးကျယ်ဆုံးနှင့် နှစ်ပေါင်းအကြာဆုံးပွဲတော်မှာကား ရွှေတိဂုံစေတီတော် ဘုရားပွဲဖြစ်ပေသည်။ ပုဂံဒေသ ရွှေစည်းခုံ၊ အာနန္ဒာစသည့် စေတီဘုရားပွဲတော်များသည်လည်း စည်ကားလှပါသည်။

ဆောင်းပါး စာမျက်နှာ » ၁၀

### ဂါဇာကမ်းမြောင်ဒေသ၌ ချက်ချင်းအပစ်အခတ်ရပ်စဲရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို

စာမျက်နှာ » ၁၃



## ကြေးမုံ

# လူသားအားလုံး ကျန်းမာရေးဦးစားပေး

၂၀၂၄ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင်ကျရောက်သည့် ကမ္ဘာ့ကျန်းမာရေးနေ့ကို "လူတိုင်းလူတိုင်း ကျန်းမာဖို့ ကိုယ်စီပါဝင်ဆောင်ရွက်စို့" "My Health , My Right" ဟု သတ်မှတ်ထားသည်။ ဆိုလိုသည်မှာ လူတိုင်းလူတိုင်း ကျန်းမာရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်ပြုမူလုပ်ကိုင်ဆောင်ရွက်မှုတို့ကို လူတိုင်းလူတိုင်းက ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင် ဟောကြားထားတော်မူသည့် "အတ္တာဟိ အတ္တနော နာထော" ဆုံးမဩွာဒ်ပြစကားနှင့်အညီ အရာရာတွင် မိမိကိုယ်သာ အားထားခြင်း၊ မိမိကိုယ်သာ စောင့်ရှောက်ခြင်းသည် အကောင်းဆုံးဖြစ်သည်ဆိုသည့်အတိုင်း မိမိတို့၏ ကျန်းမာရေး၊ ချမ်းသာရေး၊ ကြီးပွားတိုးတက်ရေးတို့ကို မိမိတို့ကိုယ်တိုင်အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ လူ့ဘောင်လောကတွင် ရပ်တည်ရှင်သန်နေထိုင်လုပ်ကိုင်ကြရာ၌ ကျန်းမာခြင်းသည် အရေးအကြီးဆုံးလိုအပ်ချက်ဖြစ်ပြီး ကျန်းမာမှသာ ဆောင်ရွက်လိုသောကိစ္စအဝဝတို့ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

သို့သော် မျက်မှောက်ကာလ လူသားများအနေဖြင့် တိုးတက်ပြောင်းလဲနေသော ခေတ်ကာလတွင် စား၊ ဝတ်၊ နေရေးကို အကြောင်းပြုသည့် မြားမြောင်လှသော ကိစ္စအထွေထွေကို နိစ္စဓူဝကြုံစည်လုပ်ကိုင်အားထုတ်နေကြရသောကြောင့် မိမိတို့၏ကျန်းမာရေးကို အလေးမမူနိုင်ဘဲ ရုန်းကန်လှုပ်ရှားနေကြရသည်။ တစ်ဖက်တွင် ခေတ်ကာလအလျောက် တိုးတက်ပြောင်းလဲနေသော နေထိုင်စားသောက်မှုပုံစံများအရ ကျန်းမာရေးအတွက် ထည့်မတွက်နိုင်တော့ဘဲ အလျဉ်းသင့်သလို နေထိုင်စားသောက်နေကြရသည်ကိုလည်း တွေ့ရသည်။ ယင်းအချက်များသည် လူအများစု၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အနေအထားများဖြစ်နေသည်ကို တွေ့ရသည်။

မလွန်ဆန်နိုင်သော အခြေအနေအကြောင်းတရားအမျိုးမျိုးတို့ကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အနေအထားအမျိုးမျိုးကို ကြုံတွေ့နေသော်လည်း မိမိကိုယ်သာမိမိ အတတ်နိုင်ဆုံးသတိပြုထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် သင့်တင့်လျောက်ပတ်သည့်ကျန်းမာသောဘဝကို ပိုင်ဆိုင်ရရှိစေရန် လူတိုင်းလူတိုင်း ကြိုးစားအားထုတ်သင့်ပေသည်။ လူတိုင်းရောဂါဘယကင်းရှင်းပြီး ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်ရန်၊ လူ့သက်တမ်းစေ့နေနိုင်စေရန် "ကံ၊ စိတ်၊ ဥတု၊ အာဟာရ" တည်းဟူသော ကဏ္ဍလေးခုကို တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်မှုပြုလုပ်ကြရန် လိုအပ်သည်။ အဆိုပါလေးခု ညီညွတ်မျှတနေပါက သက်ရှည်ကျန်းမာသောဘဝကို သေချာရေရာ ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

လူတိုင်း ရောဂါဘယကင်းရှင်းပြီး ကျန်းမာစွာဖြင့် သက်တမ်းစေ့နေနိုင်ရေးအတွက် အရည်အသွေးပြည့်ဝသော အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို အသက်အရွယ်မရွေး၊ နေရာဒေသမရွေး လူတိုင်းလက်လှမ်းတမီရရှိနိုင်သည့် ဝန်းကျင်ကောင်းများလည်း ရှိရန်လိုအပ်သည်။ ပြည်သူလူထု၏ကျန်းမာရေးနှင့်ပတ်သက်၍ ငွေကုန်ကြေးကျသက်သာမှုရှိစေရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရည်မှန်းချက်ကို နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် လူမှုရေးဦးတည်ချက် ဒုတိယအချက်တွင် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"ကို ချမှတ်ထားသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုတွင် ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးအတွက် ဘဝတစ်သက်တာကျန်းမာရေးစောင့်ရှောက်မှုပုံစံဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ အရည်အသွေးပြည့်ဝသော ကုသစောင့်ရှောက်မှုများကို ဆေးရုံ ၁၁၇၈ ရုံဖြင့် ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိခြင်း၊ ကျန်းမာရေးအထောက်အကူပြု သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေခြင်း၊ ၇၀ ရာခိုင်နှုန်းကျော်ရှိသော ကျေးလက်ပြည်သူအားကိုးအားထားရာဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကုသစောင့်ရှောက်ပေးနေခြင်း၊ အစားအသောက်ဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံတော်က အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာခြင်းကို အထောက်အကူပြုသည့် လူတိုင်းလူတိုင်းနှင့်အကျုံးဝင်သည့် အားကစားကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် လူတိုင်းကျန်းမာရေးနှင့် ပျမ်းမျှ လူ့သက်တမ်းအရ နိမ့်ကျနေသေးသော်လည်း လူတိုင်းလူတိုင်း၏အသိတရားဖြင့် ကျန်းမာစွာနေထိုင်စားသောက်လုပ်ကိုင်မှုနှင့် နိုင်ငံတော်က စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးမှုတို့ဖြင့် ပြည်သူ့ကျန်းမာရေးကဏ္ဍ မြင့်မားလာမည်ဖြစ်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ကျင်းပ

**နေပြည်တော် မေ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၆၀၀၉၆ ပါး/ဦးအနက် ၄၈၄၆၉ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၆၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော တေးသီချင်းဗီဒီယိုများကို လူမှုကွန်ရက်ပေါ်တွင် လွှင့်တင်သူများအား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသမှုများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အချို့သော တေးသီချင်းဗီဒီယိုရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှုရရှိစေရေးအတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူတကွ ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိသြတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းဗီဒီယိုများကို အရှက်သိက္ခာမဲ့စွာ ရိုက်ကူးထုတ်လွှင့်နေကြသည့်အတွက် သက်ဆိုင်ရာအစည်းအရုံးများက ထိန်းကျောင်းကြပ်မတ်ပေးပါရန် ပြန်ကြားရေးဝန်ကြီးဌာနက ၁၃-၁-၂၀၂၄ ရက်နေ့တွင် သတိပေးတားမြစ်ခဲ့ပြီး ဖြစ်ပါသည်။

ထို့ပြင် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ဖြန့်ချိမျှဝေ၊ ပြသ၊ ရောင်းချလျက်ရှိသည့် ဇာတ်လမ်းကား၊ မှတ်တမ်းကား၊ မော်ကွန်းတင်ကား၊ သတင်းကား၊ ဖျော်ဖြေရေးကား သို့မဟုတ် ပညာပေးကားများကိုလည်း ၁၃-၃-၂၀၂၄ ရက်နေ့တွင် အရေးကြီးဝန်ဆောင်မှုအဖြစ်သတ်မှတ်၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လူမှုကွန်ရက်တွင် "ဘီယာဗိုက်"အမည်ဖြင့် အရှက်သိက္ခာကင်းမဲ့စွာ တေးသီချင်းဗီဒီယိုရိုက်ကူးထုတ်လွှင့်ပြသခဲ့သော အဆိုတော် မေသူ၊ ဟာသသရုပ်ဆောင် အိုကေနှင့် အခြားသက်ဆိုင်သူများအား ရန်ကုန်မြို့ ဗဟန်းမြို့မရဲစခန်းတွင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ - ၃၃(က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

သို့ပါ၍ တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး ဟီရိသြတ္တပ္ပတရားကင်းမဲ့သည့် ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများ မပြုကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

## လိပ်ပြာပုံ ၂၀၀ ကျပ်တန်တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးသွားမည်




**နေပြည်တော် မေ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် "Common Yellow Swallowtail"** လိပ်ပြာပုံ ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ၂၀၂၄ **ခုနှစ် မေ ၁၀ ရက်၊** မြန်မာ **သက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆန်း ၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **မေ ၁၀ ရက်**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီး၏ အန္တိမစျာပန သာစုကီဠနပူဇာသဘင် အခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ နဂါးနှစ်ကောင် ဆရာတော်ကြီး၏ အန္တိမစျာပန သာစုကီဠနပူဇာသဘင် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက တာချီလိတ်မြို့၌ ကျင်းပသည်။

**တက်ရောက်ပူဇော်ကြ**

အဆိုပါ အန္တိမစျာပနသာစုကီဠန ပူဇာသဘင် အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူလူထုများ၊ ရပ်မိရပ်ဖများ၊ ဆရာတော်ကြီး၏ ဆွေတော်၊ မျိုးတော်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများက သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများ၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ



နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမစျာပနသာစုကီဠန ပူဇာသဘင် ပြုလုပ်မည့်နေရာသို့ ပင့်ဆောင်စဉ်။



နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တာဝန်ရှိသူများက လောင်တိုက်တော်ပေါ်သို့ ပင့်ဆောင်စဉ်။



နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တာဝန်ရှိသူများက စိန်ကတ္တီပါ လွှမ်းခြုံပူဇော်ကြစဉ်။

ကြွရောက် ချီးမြှင့်တော်မူကြပြီး ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ သည်။ ယင်းနောက် နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါ လွှမ်းခြုံကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ပထေရဝါဒ သာသနာပြုအဖွဲ့များက ပေးပို့သော သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာများကို သက်ဆိုင်ရာ ပင့်ဖိတ်ထားသော ဆရာတော်ကြီးများက ဖတ်ကြားပူဇော်ကြသည်။

ဆက်လက်၍ နဂါးနှစ်ကောင်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်ကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများက ပုံသကူသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အနီး သတ်မှတ်နေရာများတွင် တင်လှူပူဇော်ကြပြီး သံဃာတော်များက အနိစ္စာဝတသင်္ခါရ အစချီသံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများ၍ ပုံသကူသင်္ကန်း အလှူတော်ခံကာ လှူဒါန်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

**တေဇောဓာတ်ဖြင့် မီးပူဇော်ကြ**

ထို့နောက် နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ပင့်ဆောင်ကြပြီး ဆရာတော်၊ သံဃာတော်များက အနိစ္စာ ဝတသင်္ခါရာအစချီသော သံဝေဂဂါထာကို ရွတ်ပွားတော်မူကြပြီး သာစုသုံးကြိမ်ခေါ်ဆိုကာ တေဇောဓာတ်ဖြင့် မီးပူဇော်ကြကြောင်း သိရသည်။

**သတင်းစဉ်**




## လျှပ်စစ်ဓာတ်အားခပေးဆောင်ရာတွင် ဘဏ်နှင့် ကုမ္ပဏီ ၁၇ ခုအထိ အသုံးပြုကာ ဓာတ်အားခပေးဆောင်နိုင်

**ရန်ကုန် ဧပြီ ၆**

ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားခပေးဆောင်ရာတွင် ဘဏ်နှင့် ကုမ္ပဏီ ၁၇ခုမှ ဓာတ်အားခပေးဆောင်နိုင်ပြီဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အသိပေးထုတ်ပြန်ထားသည်။

**လွယ်ကူလျင်မြန်စေရေး**

ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားခပေးဆောင်ရာတွင် မြို့နယ်ရုံး ကောင်တာများတွင် တန်းစီပေးဆောင်စရာမလိုဘဲ လွယ်ကူလျင်မြန်စေရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ စီစဉ်ထားပြီး ဘဏ်များ၊ ကုမ္ပဏီများ၏ Mobile Application၊ Wallet များ၊ Pay များမှတစ်ဆင့် ပေးဆောင်နိုင်သည့် နည်းလမ်းများအတိုင်း သတ်မှတ်ထားသော Last Date ရက် မတိုင်မီ ပေးဆောင်နိုင်ပါကြောင်း အသိပေးကြေညာချက်တွင် ဖော်ပြထားသည်။

ဓာတ်အားခပေးဆောင်ရာတွင် KBZ ဘဏ်၏ Mobile Banking, KBZ Pay၊ Mytel ၏ Mytet Pay၊ CB ဘဏ်၏ CB Pay၊ AYA Bank ၏ Mobile Banking, internet Banking၊ AYA Pay၊ UAB Bank ၏ uab mobile၊ Banking၊ uab pay၊ Ok $ ၏ Ok $၊ Yoma Bank ၏ Mobile Banking၊ MAB Bank ၏ Mobile Banking၊ Myanmar Mobile Money ၏ Easy Pay တို့ဖြင့် ပေးဆောင်နိုင်ကြောင်းသိရသည်။ ထို့အပြင် MOB Bank ၏ Mobile Banking၊ Tun Commercial Bank ၏ Internet Banking၊ Citizens Bank ၏ Citizens Pay၊ AGD Bank ၏ One Pay၊ Shwe Bank ၏ Mobile Banking၊ Mo Money၊ A Bank ၏ A Plus၊ Ooredoo ၏ Ooredoo Application၊ M–Pitesan နှင့် Wave Money ၏ Wave Pay တို့မှလည်း ပေးဆောင်နိုင်မည်ဟု သိရသည်။

**MT**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းရိုးရာသင်္ကြန်ပွဲတော် ၂၀၂၄ အခမ်းအနား တက်ရောက်အားပေး

ရန်ကုန် မေ ၆

ထိုင်းရိုးရာသင်္ကြန်ပွဲတော် ၂၀၂၄ (Songkran Festival 2024)ကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ဒဂုံမြို့နယ်ရှိ ထိုင်းသံအမတ်ကြီးနေအိမ်၌ ကျင်းပသည်။

ထိုင်းရိုးရာသင်္ကြန်ပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ခေမာရာမဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့် ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံသံရုံးများမှ သံတမန်များ၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ အသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ထိုင်းနိုင်ငံသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump က ပန်းနှင့် ဆီမီး ဆက်ကပ်ပူဇော်သည်။

ထို့နောက် ခေမာရာမဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော်ထံမှ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှ မေတ္တာရေပက်ဖျန်းခြင်းနှင့် ဆုတောင်းမေတ္တာခံယူကြကာ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။။။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်ကာ ဒင်္ဂါးများ ကပ်လှူပူဇော်ကြပြီး ထိုင်းရိုးရာအစားအစာဆိုင်ခန်းများ၊ ပျော်ပွဲရွှင်ပွဲများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ထိုင်းရိုးရာသင်္ကြန်ပွဲတော် (Songkran) အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ၌ ရောက်ရှိနေကြသည့် ထိုင်းနိုင်ငံသားများသည် ထိုင်းရိုးရာ သင်္ကြန်ရေအေးဖြင့် အပြန်အလှန်ပက်ဖျန်းကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး၏ သင်္ကြန်မိုးသီချင်း သီဆိုမှုနှင့်အတူ ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့၏ တွဲဖက်ကပြ ဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း၊ အစားအသောက်များ သုံးဆောင်နိုင်ရန် ဖွင့်လှစ်ပေးခြင်းကိုလည်းကောင်း၊ သင်္ကြန်ဖက်ရှင် ဝတ်စားဆင်ယင်မှု ယှဉ်ပြိုင်ခြင်းကိုလည်းကောင်း၊ မြန်မာအဆိုတော် မဆုထက်လှိုင်က ထိုင်းသီချင်းဖြင့် သီဆိုဖျော်ဖြေခြင်းနှင့် သင်္ကြန်အကဖြင့် ဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကပြဖျော်ဖြေခဲ့သူများကို ဂုဏ်ပြုပန်းစည်းလက်ဆောင်ပေးအပ် ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးဝါးတက္ကသိုလ်-ရန်ကုန်နှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဆေးတက္ကသိုလ်(၂)ရန်ကုန်၌ ကျောင်းသား ကျောင်းသူများ နေထိုင်ရန် ဆောက်လုပ်လျက်ရှိသော ခြောက်ထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။



## အခန်းပေါင်း ၁၉၂ ခန်းရှိ

အဆိုပါအဆောက်အအုံကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှစတင်ကာ ငွေကျပ်သန်း ၂၈၅၀ အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အောက်ဆုံးထပ်တွင် ရုံးခန်း၊ ဧည့်ခန်းများပါဝင်ကာ အခန်းပေါင်း ၁၉၂ ခန်းရှိသဖြင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၈၄ ဦးအထိ နေထိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆေးဝါးတက္ကသိုလ်-ရန်ကုန်သို့ သွားရောက်ကာ စာသင်ခန်းများနှင့် နိုင်ငံတော်အစိုးရ၏ အထူးရန်ပုံငွေဖြင့်ဆောက်လုပ်ရန်လျာထားသော အဆောက်အအုံသစ်မြေနေရာကို လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ စိတ်အေးချမ်းသာစွာ ပညာသင်ယူနိုင်ရေးအတွက် အဆောင်များလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ အရည်အသွေးပြည့်မီစွာနှင့် အချိန်မီပြီးစီးစေရေး ဆောင်ရွက်ပေးကြရန်နှင့် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး အသစ်တည်ဆောက်ပြီးစီးထားသည့် Operation Theatre Complex လေးထပ်ဆောင်သို့ သွားရောက်ကာ ခေါင်မိုးထပ်ရှိ Roof slab ဆောင်ရွက်နေမှု၊ တတိယထပ်ရှိ ခွဲစိတ်ခန်းများ အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေနှင့် ဒုတိယထပ်ရှိ ခွဲစိတ်ခန်းများ၏ လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုကာ အရည်အသွေးပြည့်မီစွာနှင့် လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

အဆိုပါ Operation Theatre Complex လေးထပ်ဆောင်သစ်၏ မြေညီထပ်တွင် ကာကွယ်ဆေးထိုးခန်းနှင့် ဆေးစစ်ဆေးသည့်အခန်းများ၊ ပထမထပ်တွင် အထူးကြပ်မတ်ကုသခန်းများ၊ ဒုတိယထပ်တွင် ခေတ်မီ Modular Operation Theatre ခွဲစိတ်ခန်း ခြောက်ခန်းနှင့် တတိယထပ်တွင် ခေတ်မီခွဲစိတ်ခန်း ငါးခန်းတို့ ပါဝင်ကာ ၂၀၂၃ ခုနှစ် ဇူလိုင်လမှ စတင်ကာ ဒုတိယထပ်အထိ ဖွင့်လှစ်၍ ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တတိယထပ်ရှိ ခွဲစိတ်ခန်းများပြီးစီးပါက ခွဲစိတ်ခန်း စုစုပေါင်း ၁၁ ခန်းအထိ ဖွင့်လှစ်ကာ ခွဲစိတ်ကုသမှုများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစည်းအဝေးခန်းမ၌ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ ပါမောက္ခချုပ်နှင့် သင်ကြားရေးဆိုင်ရာပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက ပညာရေး၊ ကျန်းမာရေးကဏ္ဍကို ဦးစားပေးကာ အထူးရန်ပုံငွေများအပါအဝင် ရန်ပုံငွေများ နှစ်စဉ်တိုးချဲ့ ခွဲဝေပေးလျက်ရှိပါကြောင်း၊ ရန်ပုံငွေများကို အကျိုးရှိစွာစီမံခန့်ခွဲဆောင်ရွက်ခဲ့ခြင်းကြောင့် အမှန်လိုအပ်သော အဆောက်အအုံများ၊ ဆေးနှင့်ဆေးပစ္စည်းများ ပိုမိုဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဆေးရုံများ၏ ဝန်ဆောင်မှုများ တိုးတက်စေရေးအတွက် ဝန်ထမ်းအဆင့်ဆင့်ကိုလည်း ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်က ခုတင် ၁၀၀ နှင့်အထက် ပြည်သူ့ဆေးရုံများ၌သာ အထူးကုဆရာဝန်များ တာဝန်ချထားနိုင်ရာမှ ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံများအထိ အထူးကုဆရာဝန်များ ဖြည့်ဆည်းနိုင်ရေးအတွက် ဘွဲ့လွန်ဆေးပညာသင်ကြားရေး လုပ်ငန်းများကို ညှိနှိုင်းအားဖြည့်ဆောင်ရွက်လျက်ရှိပြီး ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများအနေဖြင့် ခေါင်းဆောင်ကောင်းပီသစွာဖြင့် မျိုးဆက်သစ်ဆရာဝန်များကို ခံယူချက်မှန်ကန်၍ အရည်အသွေးပြည့်ဝသော ဆရာဝန်ကောင်းများ ဖြစ်စေရေးအတွက် အလေးအနက်ထားကာ လေ့ကျင့်ပေးစေလိုပါကြောင်း၊ ဆေးကုသရေးလုပ်ငန်းများ ဟန်ချက်ညီညီ ဆက်လက်တိုးတက်စေရေးအတွက် စုပေါင်းအင်အားဖြင့် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးက ဆေးရုံလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဆေးရုံအုပ်ကြီး၊ ပါမောက္ခချုပ်၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို ဧပြီလ ၁၀ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် "ပညာဒါန" အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် -

- ညွှန်ကြားရေးမှူး (ထုတ်လုပ်)
  ပြန်/ဆက်ဦးစီးဌာန
  ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၉၇၃၄၁၂၃၇၁ / ၀၉၄၂၀၀၄၉၇၁၅
- ညွှန်ကြားရေးမှူး (ပြန်ဆက်)
  ပြန်/ဆက်ဦးစီးဌာန
  ဖုန်း ၀၉၇၃၄၁၂၀၆၄
- တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်
  ပြန်/ဆက်ဦးစီးဌာနရုံးများ

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) သို့ ရောက်ရှိပြီး သံရည်ကျိုမီးဖို၊ စွန့်ပစ်အပူသုံးဘွိုင်လာ၊ ရေသန့်စင်အလုပ်ရုံ၊ အောက်ဆီဂျင်အလုပ်ရုံ၊ ဓာတ်အားခွဲရုံ၊ သံသတ္တုရိုင်းပြုပြင်ရေးအလုပ်ရုံ၊ ကျောက်မီးသွေးများ သိုလှောင်ထားရှိမှု၊ စက်ရုံမှ ထွက်ရှိသော သံစိမ်းများအား အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) သို့ ပို့ဆောင်နိုင်ရေးအတွက် မီးရထားလမ်း ဖောက်လုပ်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ စက်ပစ္စည်း တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်ရန်၊ ဘွိုင်လာများအား စွမ်းအားပြည့် လည်ပတ်အသုံးပြုနိုင်ရေးအတွက် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်း မောင်းနှင်မှုသင်တန်းများ ဖွင့်လှစ်ပေးရန်၊ စက်ရုံအလိုက် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု အခြေအနေတို့နှင့် ပတ်သက်၍ ကျေညက်အောင် လေ့လာထားရန်နှင့် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပေးရန်၊ စက်ပစ္စည်းကိရိယာများ စစ်ဆေးခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ ကျန်ရှိမှုမရှိစေရေးအတွက် Drawings များနှင့် တိုက်ဆိုင်စစ်ဆေး၍ စစ်ဆေးခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် အလေးထား ကြပ်မတ်ဆောင်ရွက်ရန်၊ စက်ရုံခွဲများအလိုက် တပ်ဆင်ထားရှိသည့် စက်တစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်တို့ကို သိရှိအောင် ဆောင်ရွက်ထားရန်၊ စက်ရုံ၌ တပ်ဆင်ထားရှိသည့် စက်တစ်ခုချင်းစီ၏ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မှု လက်စွဲစာအုပ်၊ Manual စာအုပ်အား ဝန်ထမ်းအားလုံး အလွယ်တကူ သိရှိလေ့လာနိုင်ရေးအတွက် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားရန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရရှိထားသည့် ဘဏ္ဍာရန်ပုံငွေများကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ ရွှေဖုံးမှ

"သင်္ကြန်ကာလမတိုင်မီနဲ့ သင်္ကြန်ကာလအတွင်း ပြေးဆွဲမယ့် အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းတွေအနေနဲ့ လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါကြမယ့် ခရီးသည်တွေထံက ယာဉ်စီးခနှုန်းထားတွေကို ပိုမိုတောင်းခံခြင်းမပြုလုပ်ဖို့အတွက် သက်ဆိုင်ရာယာဉ်လိုင်းတွေက တာဝန်ရှိသူတွေနဲ့ ကျွန်တော်တို့ တွေ့ဆုံပြီး အသိပေးစကားပြောထားပြီး ဖြစ်ပါတယ်။ ယာဉ်လိုင်းရဲ့သိက္ခာနဲ့အညီ ယာဉ်စီးခကို နေ့စဉ်ပုံမှန်ရောင်းချနေတဲ့ ယာဉ်လက်မှတ်ခနှုန်းထားအတိုင်းသာ ရောင်းကြပါ၊ တကယ်လို့ သတ်မှတ်ထားတဲ့ ယာဉ်လက်မှတ်ခနှုန်းထားထက် ပိုမိုတောင်းခံရောင်းချလို့ ခရီးသည်က တိုင်တန်းလာရင်တော့ ကျွန်တော်တို့က လက်မှတ်ရောင်းချသူကို ခေါ်တွေ့ပြီး ယာဉ်စီးခ ပိုမိုတောင်းခံထားတဲ့ငွေကို ခရီးသည်ထံ ချက်ချင်းပြန်အမ်းခိုင်းမှာပဲဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၏ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျော့မန်က ပြောသည်။

မဟာသင်္ကြန်ရုံးပိတ်ရက်ကာလမတိုင်မီနှင့် သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အဝေးပြေးခရီးသည်တင်ယာဉ် လက်မှတ်ဝယ်ယူစီးနင်းကြမည့်ခရီးသည်များအနေဖြင့် အခက်အခဲ တစ်စုံတစ်ရာဖြစ်ပေါ်ပါက YRTC အဝေးပြေးဌာနသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်သည်။

မဟာသင်္ကြန်ပွဲတော်ကာလ အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများဖြင့် လိုက်ပါစီးနင်းကြသည့် ခရီးသွားပြည်သူများပြားရာ အောင်မင်္ဂလာ (အဝေးပြေး) ယာဉ်ရပ်နားစခန်းနှင့် ဒဂုံဧရာ(အဝေးပြေး) ယာဉ်ရပ်နားစခန်းတို့၌ အဝေးပြေးခရီးသည်တင်ယာဉ်လိုင်း ၂၀၉ လိုင်းရှိသည့်အနက် ဧပြီ ၉ ရက်တွင် ယာဉ်လိုင်း ၁၈၅ လိုင်းပြေးဆွဲမည်ဖြစ်ပြီး ၂၄ လိုင်း ရပ်နားမည်ဖြစ်ကြောင်း၊ ဧပြီ ၁၀ ရက်တွင် ယာဉ်လိုင်း ၁၈၃ လိုင်းပြေးဆွဲ၍ ၂၆ လိုင်း ရပ်နားမည်ဖြစ်ကြောင်း၊ ဧပြီ ၁၁ ရက်တွင် ယာဉ်လိုင်း ၁၈၂ လိုင်း ပြေးဆွဲ၍ ၂၇ လိုင်း ရပ်နားမည်ဖြစ်ကြောင်း၊ ဧပြီ ၁၂ ရက်တွင် ယာဉ်လိုင်း ၁၇၅ လိုင်း ပြေးဆွဲ၍ ၃၄ လိုင်း ရပ်နားမည်ဖြစ်ကြောင်း၊ ဧပြီ ၁၃ ရက်တွင် ယာဉ်လိုင်း ၄၆ လိုင်း ပြေးဆွဲ၍ ၁၆၃ လိုင်းရပ်နားမည်ဖြစ်ကြောင်း၊ ထို့ပြင် မဟာသင်္ကြန်ပွဲတော်ကာလမတိုင်မီနှင့် မဟာသင်္ကြန်ပွဲတော်ကာလ အပါအဝင် ပိတ်ရက်မရှိပြေးဆွဲပေးမည့် ယာဉ်လိုင်း ခြောက်လိုင်းရှိပြီး နှစ်ဆန်းတစ်ရက်နေ့မှစတင်၍ ယာဉ်ရပ်နားစခန်းများမှ မူလအတိုင်း အဝေးပြေးခရီးသည်တင်ယာဉ်လိုင်း ၂၀၉ လိုင်းအားလုံး ပုံမှန်ပြန်လည် ပြေးဆွဲကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

# တို့ရိုးရာသင်္ကြန် မြန်မာ့ယဉ်ကျေးမှုအမွေ ကမ္ဘာတစ်ခွင် ပျံ့နှံ့ထင်ရှားကျော်ကြားစေ .....

ခင်သန်းမြင့်

**ဒီနှစ်ရန်ကုန်မှာ ပိတောက်ပန်းတွေစောစောစီးစီးပွင့်ကြတယ်။ မတ်လနောက်ဆုံးပတ်မှာ မိုးပြေးလေးကလည်း "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုးသင်္ကြန်မိုး"နဲ့ ရောပြီး တစ်ဖြိုက် နှစ်ဖြိုက်ရွာလိုက်တော့ ပိတောက်တွေကလည်း ဝေဝေဆာဆာပွင့်လိုက်ကြတာ အချို့နေရာတွေများဆို ပင်လုံးကျွတ်မျှပဲ။ တစ်ချက်တစ်ချက်လေပြည်အဝေ့မှာ ပိတောက်ရနံ့တွေက သင်္ကြန်အငွေ့အသက်တွေကို သယ်ဆောင်လာသလိုခံစားရတော့ စိတ်ထဲကြည်နူးလိုက်တာလွန်ပါရော။**




သင်္ကြန်ကျတော့မယ်။ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးတွေမှာ ကြိုတင်ပြင်ဆင်နေကြပြီ။

**လမ်းလျှောက်သင်္ကြန်**

နေပြည်တော်မှာ ဖျော်ဖြေရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ်တွေအပြင် လမ်းလျှောက်သင်္ကြန်ကိုလည်း မနှစ်ကလိုပဲ နေပြည်တော်-တောင်ညို လမ်းမကြီးပေါ်မှာ ကျင်းပသွားမယ်တဲ့။ လမ်းလျှောက်သင်္ကြန်အတွင်း နိုင်ငံကျော်တေးသံရှင်တွေရဲ့ ဖျော်ဖြေတင်ဆက်မှုတွေ၊ DJ ဖျော်ဖြေတင်ဆက်မှုတွေအပြင် game ဇုန်ကြီးမှာ ကလေး၊ လူကြီး အပန်းဖြေဆော့ကစားနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ထားတယ်လို့ဆိုတယ်။

အလားတူ ရန်ကုန်မြို့တော်နေပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနဲ့အညီ စိတ်လက်ပေါ့ပါးပြီး ပျော်ရွှင်ချမ်းမြေ့စွာဆင်နွှဲနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိရာမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ဆောက်လုပ်ဆဲ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ကြီးကလည်း ဧပြီ ၁၀ ရက်မှာ အပြီးသတ်ပြီးစီးမယ်လို့သိရတယ်။

ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်မှာ ယခင်နှစ်များနည်းတူ ယိမ်းအကပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲများ၊ ရုပ်ရှင်ဂီတအနုပညာရှင်တွေရဲ့ တေးသီချင်းဖျော်ဖြေတင်ဆက်မှုများ၊ သဘင်အနုပညာရှင်တွေရဲ့ ဖျော်ဖြေတင်ဆက်မှုများအပြင် လမ်းလျှောက်သင်္ကြန်ကိုလည်း ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာကျင်းပသွားမယ်လို့ ဆိုတယ်။

ရန်ကုန်လမ်းလျှောက်သင်္ကြန်ပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနဲ့ ကုန်သည်လမ်းအကြား မဟာဗန္ဓုလပန်းခြံလမ်းတစ်လျှောက်မှာ ပြုလုပ်သွားမှာဖြစ်ပြီး ရေမှုန်ရေမွှားလျှောက်လမ်း၊ ရေကစားမဏ္ဍပ်များ၊ ဂီတအနုပညာရှင်တွေရဲ့ ဖျော်ဖြေရေးမဏ္ဍပ်တွေအပြင် စားသောက်ဆိုင်ခန်း ၁၅၀ ပါ ထည့်သွင်းကျင်းပသွားမယ်လို့သိရတယ်။ ပြည်သူ့ရင်ပြင်မှာလည်း ရေကစားမဏ္ဍပ်နဲ့အတူ လမ်းလျှောက်သင်္ကြန်ကို စီစဉ်ဆောင်ရွက်ထားတယ်။

ယဉ်ကျေးမှုမြို့တော် မန္တလေးမှာလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် မဏ္ဍပ် ၂၀ ကျော် ခွင့်ပြုထားတယ်လို့သိရတယ်။ ကျုံးဘေးပတ်လည်မှာဆောက်လုပ်မယ့် သင်္ကြန်မဏ္ဍပ်တွေအတွက်လည်း အခွန်ကင်းလွတ်ခွင့်ပေးထားတယ်လို့ဆိုတယ်။

ကျုံးမြောက်ဘက်၊ အနောက်ဘက်နဲ့ အရှေ့ဘက်ခြမ်းကို DJ မဏ္ဍပ်တွေ ခွင့်ပြုပေးသွားမှာဖြစ်ပြီး ကျုံးတောင်ဘက်ခြမ်းကို စည်ပင်နဲ့ ဌာနဆိုင်ရာမဏ္ဍပ်တွေ၊ စတုဒိသာမဏ္ဍပ်တွေနဲ့ လမ်းလျှောက်သင်္ကြန်ပြုလုပ်သွားမယ်လို့ သိရတယ်။

**ထိုင်းနိုင်ငံ ဆုန်ခရန်သင်္ကြန်ပွဲတော်**

ကျွန်မတို့ရဲ့ အိမ်နီးချင်းထိုင်းနိုင်ငံကလည်း အခုနှစ် ၂၀၂၄ ခုနှစ် ဆုန်ခရန်သင်္ကြန်ပွဲတော်ကို ဘန်ကောက်မြို့တော်နဲ့ အခြားပြည်နယ် ၁၆ ခုမှာ ယခင်နှစ်ကထက် ပိုမိုကြီးကျယ်ခမ်းနားစွာ ကျင်းပဖို့ ထိုင်းအစိုးရအဖွဲ့က ဗဟိုရန်ပုံငွေထဲက ဘတ် ၁၀၄ သန်းကို ဘတ်ဂျက်အဖြစ် အသုံးပြုခွင့်ပေးခဲ့တယ်လို့ သိရတယ်။

ထိုင်းနိုင်ငံမှာ နှစ်စဉ်ကျင်းပလေ့ရှိတဲ့ ရေသဘင်ပွဲတော်ဖြစ်တဲ့ ဆုန်ခရန်သင်္ကြန်ပွဲတော်ကို ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်လိုက်ပြန်တော့ ထိုင်းတွေအဖို့ ဒီနှစ်ဆုန်ခရန်သင်္ကြန်ပွဲတော်ကို ကမ္ဘာ့ရေကစားပွဲတော်အဖြစ် မြှင့်တင်နိုင်မယ့်အခွင့်အရေး ရသွားတာပေါ့။

အခုနှစ် ထိုင်းဆုန်ခရန်သင်္ကြန်ပွဲတော်ကို ကြီးကျယ်ခမ်းနားစွာကျင်းပနိုင်ဖို့ မြို့တော်ဘန်ကောက်မှာပြင်ဆင်နေသလို ချင်းမိုင်မှာ ကျင်းပမယ့် ချင်းမိုင်သင်္ကြန်ပွဲကိုလည်း ခရီးသွားဧည့်သည် သန်းနဲ့ချီလာရောက်ပြီး ထိုင်းဘတ်ငွေ ၂၀ ဘီလီယံဝင်ငွေရရှိနိုင်မယ်လို့ မျှော်မှန်းထားကြောင်း သိရတယ်။

**မြန်မာသင်္ကြန်ပွဲတော်ဆိုတာ တကောင်းခေတ်ကတည်းကစတင်**

ထိုင်းဆုန်ခရန်သင်္ကြန်ပွဲတော်မှာ ဘန်ကောက်ရဲ့လည်ပတ်သင့်တဲ့နေရာတွေအဖြစ် ခပ်ကြမ်းကြမ်းရေသေနတ်တိုက်ပွဲတွေနဲ့ မြူးမြူးကြွကြွတေးသံစုံပါတီပွဲတွေရှိတာကြောင့် နိုင်ငံခြားသားအများဆုံးလည်ပတ်ရာနေရာဖြစ်တဲ့ နာမည်ကျော်ခေါက်ဆန်လမ်း၊ နေ့လယ် ရေကစား၊ ညဆို ဘားတွေရှိတဲ့ ဆူကိုဝစ်လမ်းနဲ့ စီးလုံလမ်းတစ်လျှောက်၊ ဖက်ရှင်အလန်းနဲ့ ရေကစားဖော်တွေတွေ့နိုင်တဲ့ Thong Lor ဧရိယာစသဖြင့် မြန်မာခရီးသွားကုမ္ပဏီတွေတောင် ကြော်ငြာနေကြတာတွေ့ရတယ်။

ကျွန်မကတော့ မြန်မာပီပီ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကိုပဲ ချစ်မြတ်နိုးတယ်။ မြန်မာသင်္ကြန်ပွဲတော်ဆိုတာ တကောင်းခေတ်ကတည်းကစတင်ပြီး ရှေးမြန်မာမင်းအဆက်ဆက်ကျင်းပလာခဲ့တဲ့ ပွဲတော်မဟုတ်ပါလား။

ပြီးတော့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဆိုတာ ရေပက်ကစားရုံသက်သက်ပွဲတော်မဟုတ်ဘဲ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေပီပီ သင်္ကြန်ကာလမှာ အရပ်လေးမျက်နှာက အယုတ်အလတ်အမြတ်မရွေး အခမဲ့ဝင်ရောက်စားသုံးနိုင်တဲ့ စတုဒိသာအလှူမဏ္ဍပ်တွေနဲ့ လှူဒါန်းခြင်း၊ သက်ကြီးရွယ်အိုတွေကို တရော်ကင်ပွန်းရည်နဲ့ ခေါင်းလျှော်ပေးခြင်း၊ အကြော်ကရမက်နံ့သာတွေနဲ့ လိမ်းပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ ဇီဝိတဒါနအဖြစ် ငါး၊ နွား၊ ငှက် စတဲ့တိရစ္ဆာန်တွေကို ဘေးမဲ့လွှတ်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဒုလ္လဘရဟန်းခံခြင်း၊ သီလရှင်ဝတ်ခြင်း၊ တရားရိပ်သာတွေမှာ ဝိပဿနာဘာဝနာစီးဖြန်းခြင်းစတဲ့ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အဖြာဖြာကိုလည်း ဆည်းပူးအားထုတ်ကြတာပါ။

**"နှစ်သစ်ကူးတဲ့၊ တန်ခူးအခါမှာ**
**ဒါနက တဝေဝေ၊ ရေတွေက တရွဲရွဲ**
**ပျော်ပွဲက တဝင့်ဝင့်၊ ကဲလို့သာ ဆင့်ရော**
**အရွယ်သင့် အရွယ်ငယ်**
**မြန်မာတွေ ထည်လိုက်ကြ"** စတဲ့ ဆရာဇော်ဂျီရဲ့ "တခုသောသင်္ကြန်အခါ" ကဗျာမှာ မြန်မာတို့ရဲ့ သင်္ကြန်ဟာ အပျော်အပါးသက်သက်မဟုတ်ဘဲ ကုသိုလ်တရားပါဖက်တဲ့ပွဲတော်အဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။

**"လာဟေ့ လာဟေ့**
**ဘုရားကုန်းက၊ တအုန်းအုန်းနဲ့၊ တရုံးရုံးလာကြ**
**ဘယ့်နှာပါလိမ့်**
**ထိန့်လိုက်တဲ့အိုးစည်၊ နဲ့ကလဲ ပီသနဲ့**
**သီသူက သီကြ၊ ကသူက ကလာ**
**နွားကြီးလည်း ပါသဟေ့**
**ကျောပေါ်မှာ ကော်ဇော၊ အမွှေးရော သနပ်ခါး**
**ချိုဖျားမှာ ပိတောက်ပန်းတွေက**
**တလျှမ်းလျှမ်း ရွှေအဆင်**
**နွားစိတ်ထဲ အခဲသားဝင်လိုက်ရ**
**ရွှင်လိုက်မည့်ဖြစ်ခြင်း . . ."**

ဆိုတဲ့အပိုဒ်မှာလည်း မြန်မာလူမျိုးတွေဟာ ရှေးအစဉ်အဆက်ကတည်းက သင်္ကြန်ကာလမှာ ဇီဝိတဒါနအဖြစ် တိရစ္ဆာန်တွေကို ဘေးမဲ့လွှတ်လေ့ရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

**ကုသိုလ်ရေးနဲ့ ဆက်နွှယ်**

တကယ်တော့ တန်ခူးလသင်္ကြန်ပွဲတော်အပါအဝင် မြန်မာတို့ရဲ့ ၁၂ လရာသီပွဲတော်တွေဟာ အပျော်အပါးသက်သက်မဟုတ်ဘဲ ကုသိုလ်ရေးနဲ့ ဆက်နွှယ်နေတဲ့အနှစ်သာရရှိတဲ့ ပွဲတော်တွေသာဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ❖

**"မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ဆိုတာ ရေပက်ကစားရုံသက်သက်ပွဲတော်မဟုတ်ဘဲ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေပီပီ သင်္ကြန်ကာလမှာ အရပ်လေးမျက်နှာက အယုတ်အလတ်အမြတ်မရွေး အခမဲ့ဝင်ရောက်စားသုံးနိုင်တဲ့ စတုဒိသာအလှူမဏ္ဍပ်တွေနဲ့ လှူဒါန်းခြင်း၊ သက်ကြီးရွယ်အိုတွေကို တရော်ကင်ပွန်းရည်နဲ့ ခေါင်းလျှော်ပေးခြင်း၊ အကြော်ကရမက်နံ့သာတွေနဲ့ လိမ်းပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်း၊ ဇီဝိတဒါနအဖြစ် ငါး၊ နွား၊ ငှက် စတဲ့တိရစ္ဆာန်တွေကို ဘေးမဲ့လွှတ်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဒုလ္လဘရဟန်းခံခြင်း၊ သီလရှင်ဝတ်ခြင်း၊ တရားရိပ်သာတွေမှာ ဝိပဿနာဘာဝနာစီးဖြန်းခြင်းစတဲ့ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အဖြာဖြာကိုလည်း ဆည်းပူးအားထုတ်ကြတာပါ"**

# ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာ တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ပုဂ္ဂလိကပညာရေးဥပဒေကို ၁၂-၅-၂၀၂၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ ပုဂ္ဂလိကကျောင်းများအားလုံးသည် ၎င်းဥပဒေနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများရှိ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ထံသို့ မှတ်ပုံတင်လျှောက်ထားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသောကျောင်းများနှင့် အမျိုးသားသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသောကျောင်းများ အပါအဝင် **ပုဂ္ဂလိကအခြေခံပညာကျောင်းများ**၊ ဘာသာစကားသင်ကျောင်းများ အပါအဝင် **ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများနှင့် ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများ**သည် မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များကို **၁၂-၄-၂၀၂၄ ရက် (သောကြာနေ့) မတိုင်မီ** ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ကာလအတွင်း မှတ်ပုံတင်လျှောက်ထားခြင်းမရှိပါက အဆိုပါပုဂ္ဂလိကကျောင်းများကို ပိတ်သိမ်းမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့**
**ပညာရေးဝန်ကြီးဌာန**

# အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၄ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာ အစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ/ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရ ကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့်သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ဘဲ အများပြည်သူ ဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့် ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများအား မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့ အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

❖ စာမျက်နှာ ၆ မှ

ပါမောက္ခချုပ် ဆရာတော်ကြီးကလည်း "တပေါင်းလရာသီနှင့် သဲပုံစေတီပွဲတော်" တရားတော်မှာ "မြန်မာနိုင်ငံမှာ ၁၂ လရာသီ လတိုင်းလတိုင်းဟာလည်း ရာသီပွဲတော်တွေနဲ့ ပြည့်နှက်နေပြီးတော့ မြန်မာနိုင်ငံရဲ့ ရာသီပွဲတော်တွေဟာ ဗုဒ္ဓယဉ်ကျေးမှုနဲ့ ဆက်နွှယ်နေတဲ့အတွက်ကြောင့်၊ ဘာသာတရားနဲ့ ဆက်နွှယ်နေတဲ့အတွက်ကြောင့် မြန်မာ့ယဉ်ကျေးမှုလို့ပဲ ခေါ်ဆိုရမယ့်အနေအထားရှိတယ်။

မြန်မာလူမျိုးတွေရဲ့ ဘာသာတရားကိုးကွယ်မှုဟာ သာမန်အပေါ်ယံကိုးကွယ်မှုမဟုတ်တော့ဘဲ မြတ်စွာဘုရားရဲ့အဆုံးအမတွေ နှလုံးသားထဲ စိမ့်ဝင်ပြီးတော့ လူတွေအဖို့ဟာ ခွဲခြားလို့မရအောင် ဗုဒ္ဓယဉ်ကျေးမှုနဲ့ မြန်မာ့ယဉ်ကျေးမှုဟာ တွဲဖက်နေတယ်။

သို့သော်လည်း ရုံဖန်ရံခါခေတ်ပြောင်းသွားတဲ့အတွက်ကြောင့် စိတ်သဘောထားတွေ ပြောင်းလဲမှုဆိုတာကတော့ ကမ္ဘာ့နိယာမအနိစ္စသဘောတရားကြီးရဲ့ မမြဲတဲ့သရုပ်ကို ဖော်ခြင်းသာဖြစ်တယ်။ တစ်ချိန်တုန်းက မြန်မာနိုင်ငံတော်မှာ တပေါင်းလရာသီဆိုရင် သဲပုံစေတီပွဲတော်ဆင်ယင်ကျင်းပလေ့ရှိကြတယ်။ ဒီကနေ့ခေတ်တော့ အသံကျယ်ကျယ်လောင်လောင်မကြားရဘူး။ သို့သော် တပေါင်းပွဲတော်ဆိုပြီး မိမိဆက်နွှယ်ရာပွဲတော်တွေကို လုပ်ကြတယ်။ တန်ခူးလဆိုရင် သင်္ကြန်ပွဲတော် ရေသဘင်ပွဲ၊ ကဆုန်လဆိုရင် ညောင်ရေသွန်းပွဲတော်၊ ညောင်ရေသွန်းပွဲတော်ဆိုတာ ကိုးကွယ်ရာဘာသာတရားနဲ့ ဆက်နွှယ်ပြီးတော့ ကျင်းပတဲ့ပွဲ။ နယုန်လဆိုရင် စာအမေးအဖြေလုပ်တဲ့ စာသဘင်ပွဲတော်။ နယုန်လမှာ စာတွေမေးမြန်းလို့ အောင်ပန်းပန်ဆင်တဲ့ပုဂ္ဂိုလ်တွေကို ရွေးချယ်ပြီးတော့ ရှင်ရဟန်းအဖြစ် သွတ်သွင်းချီးမြှောက်။ ဝါဆိုလပွဲတော်ကျတော့ ပဉ္စင်းတော်ခံပွဲတော်တွေလုပ်တယ်။

အထူးသဖြင့် မန္တလေးမြို့တည် မင်းတရားကြီးလက်ထက်က မန္တလေးမြို့မှာဆိုရင် ၁၂ ရာသီပွဲတော်တွေနဲ့ ခြိမ့်ခြိမ့်အုန်းစည်ကားပြီး လူတွေဟာ လအလိုက် ဘာသာရေးပွဲတော်တွေအဖြစ် စိတ်နှလုံးအေးချမ်းမှုနဲ့ ကုသိုလ်ရယူပြီးတော့ နေကြတယ်။ အပျော်အပါးသက်သက်ရယ်လို့ မဟုတ်တော့ဘူး။ ဘာသာတရားတွေနဲ့ ဆက်နွှယ်ပြီးတော့ ဆင်ယင်ကျင်းပ၊ ဘာသာတရားကို အလေးအနက်ထားပြီး ကျင်းပတဲ့ပွဲတော်တွေဟာ တစ်ဖက်ကလည်း ပျော်ရွှင်မှုကိုရပြီး တစ်ဖက်ကလည်း ကုသိုလ်ကို ရရှိကြမှာဖြစ်တယ်။



ကုသိုလ်ကောင်းမှုနဲ့မလွတ်ကင်းတဲ့ ဘာသာရေးပွဲတော်တွေ မြန်မာနိုင်ငံမှာ အရင်က လစဉ်ရှိခဲ့တယ်ပေါ့။ ပြောရမယ်ဆိုရင် သင်္ကြန်ပွဲတော်ပင်လျှင် ကုသိုလ်ရေးနဲ့ ဆက်နွှယ်ပြီးတော့ ဆင်နွှဲခဲ့ကြတာဖြစ်တယ်။ အပျော်သက်သက်မဟုတ်ဘူး။ သင်္ကြန်ကာလမှာ လူကြီးသူမတွေရေကန်တော့တယ်၊ ဘုရားရေသပ္ပာယ်တယ်။ လူကြီးတွေ ရေချိုးပေးတယ်။ ရေကန်တော့ခြင်း၊ ရေသပ္ပာယ်ခြင်းကနေ ဆက်နွှယ်ပြီးတော့ တစ်ဦးနဲ့တစ်ဦး မေတ္တာရေကူးဖို့ တစ်ဦးနဲ့တစ်ဦး ကျီစယ်တဲ့အနေနဲ့ သပြေခက်ကလေးတွေနဲ့ ရေပက်ရာကနေပြီးတော့ အခုတော့ ပိုက်ကြီးတွေနဲ့ ထိုးပက်တဲ့အဆင့်ကို ရောက်သွားတယ်။ အားမရလို့ ထင်ပါရဲ့။ ပုံပျက်ပန်းပျက် နောက်ပိုင်းတော့ ဖြစ်လာတယ်။ ယဉ်ကျေးသိမ်မွေ့စွာ သပြေခက်နဲ့ ရေပက်တဲ့အစဉ်အလာတစ်ခုဟာ ရေပိုက်ကြီးတွေနဲ့ ထိုးပြီးတော့ တစ်ဖက်သားမခံနိုင်လောက်အောင်ပက်တာ ရန်ပွဲဖြစ်ဖို့ တာဆူလာတယ်။ အဲဒါတွေဟာ ယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့အနေနဲ့ ပြန်လည်ပြုပြင် ထိန်းသိမ်းဖို့ကောင်းတယ်ပေါ့။

ယဉ်ကျေးမှုဆိုတာဟာ တစ်ဖက်သားရဲ့အခွင့်အရေးကိုနားလည်တာ၊ တစ်ဖက်သားကို စာနာထောက်ထားတတ်တဲ့ စိတ်နေသဘောထားကို ယဉ်ကျေးမှုလို့ပြောရမှာဖြစ်တယ်။ ယဉ်ကျေးမှုဆိုတာ ဝတ်စားဆင်ယင်မှုကိုလည်း ယဉ်ကျေးမှုလို့ သတ်မှတ်လို့မရဘူး။ ဆံပင်ပုံစံထားတာကိုလည်း ယဉ်ကျေးမှုလို့ သတ်မှတ်လို့မရဘူး။

အကယ်၍သာ ခေါင်းပေါ်က ဆံပင်ပုံစံကို ယဉ်ကျေးမှုလို့ သတ်မှတ်မယ်ဆိုရင် မြန်မာလူမျိုးတွေရဲ့ခေါင်းမှာ သျှောင်ပျောက်သွားတာကြာပြီ၊ ယဉ်ကျေးမှုမရှိတော့ဘူးလို့ ပြောရမှာဖြစ်တယ်။ သို့သော် ဆံပင်ထားတာဟာ Hairstyle သာဖြစ်တယ်ပေါ့။ ယဉ်ကျေးမှုလို့ ခေါ်လို့မရဘူး။ လူတွေရဲ့နှစ်သက်တဲ့ပုံပန်းသဏ္ဌာန်ကို ရွေးချယ်ပြီးတော့ မိမိတို့ဆံပင်ကို ထားပိုင်ခွင့်ရှိတာ ဖြစ်တာကြောင့် လူဆိုတာလှချင်တော့ လှမယ့်ပုံပန်းသဏ္ဌာန်တွေကို ခေတ်အလိုက်ပြုပြင်ပြီးတော့ ဆံပင်တွေကိုထားလာလိုက်ကြတာ ဒီနေ့ခေတ်မှာဆို Hairstyle ဆိုတာ အများကြီးဖြစ်လာတယ်။

ယဉ်ကျေးမှုလို့ သတ်မှတ်လို့ရတာက ဘာတုန်းဆိုရင် မြန်မာလူမျိုးတွေရဲ့ စိတ်နေသဘောထား။ မိဘကိုးဘွား၊ ဆရာသမားတွေကို ရိုသေတယ်၊ လေးစားတယ်။ လူကြီးသူမတွေကို ဦးစားပေးတယ်။ လူကြီးသူမတွေရဲ့ ရှေ့သွားတဲ့အခါ ခေါင်းလေးငုံ့ပြီးသွားတယ်။ တစ်စုံတစ်ခုကို ပေးစရာရှိလို့ရှိရင် လက်ကလေးနှစ်ဖက်နဲ့ တရိုတသေပေးတယ်။

အဲဒါကတော့ ယဉ်ကျေးမှုအစစ်ပဲ။ ဒီထက်စစ်တာကတော့ စိတ်ဓာတ်ပဲ။ ကျန်တာတွေ ဘယ်လိုပဲ ပြောင်းပြောင်း ကိုယ်အမူအရာ၊ နှုတ်အမူအရာ စိတ်နေသဘောထားဆိုတာတွေ မပြောင်းဘူးဆိုရင် မြန်မာ့ယဉ်ကျေးမှုတွေ အပြည့်အဝရှိတယ်လို့ ပြောရမှာပဲ။

အဲဒီလိုမြန်မာ့ယဉ်ကျေးမှုတွေ မပျောက်ကွယ်စေရအောင် ထိန်းသိမ်းစောင့်ရှောက်ရမှာ ဘယ်သူတွေတုန်းဆိုရင် မြန်မာတွေပဲဖြစ်တယ်။ ကိုယ့်ယဉ်ကျေးမှုမှ ကိုယ်မထိန်းဘူးဆိုရင် ကိုယ်ဟာဘာလူမျိုးလဲလို့ မေးစရာဖြစ်လာတယ်။ ကိုယ့်လူမျိုး ကိုယ်မြတ်နိုးတတ်ရမယ်၊ ကိုယ့်အမျိုးဘာသာသာသနာကို မြတ်နိုးတတ်ဖို့လိုတယ်။ မြတ်နိုးတတ်ရမယ်။ တန်ဖိုးထားတတ်ရမယ်" စသဖြင့် ဟောဖော်ညွှန်ပြ ဆုံးမဩဝါဒပေးတော်မူခဲ့ပါတယ်။

ဒါကြောင့်မို့ လတ်တလောမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဟာ ထိုင်းဆုန်ခရန်သင်္ကြန်ပွဲတော်လို ကမ္ဘာမကျော်နိုင်သေးပေမယ့် ကျွန်မတို့စိတ်ဓာတ်ကျစရာမရှိပါဘူး။ မြန်မာတွေကိုယ်နှိုက်ကသာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်အမျိုးဘာသာသာသနာကို လေးစားတန်ဖိုးထားမြတ်နိုးနေသမျှ ကျွန်မတို့မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကလည်း တစ်နေ့ကမ္ဘာမှာ ပျံ့နှံ့ထင်ရှားကျော်ကြားလာမှာပါ။

**"ဘယ်မြေဟာ စေတီပေါမယ်လဲ့**
**ဘယ်ပြေ(ပြည်)ဟာ အပျော်ကျောမယ်လဲ့**
**စိတ်ဓာ မြန်မာမှာဖြင့်**
**သံသရာ ဂရုထားသူမို့**
**ပါးလိုက်ကြ ပျော်ပျော်သာ**
**အခါက နှစ်ဆန်း"**

# ရေလဲကလေးကျေးရွာ မဟာဝိသုဒ္ဓါရုံရွှေကျောင်းကျောင်းတိုက်သို့ သောက်သုံးရေလှူဒါန်း

မအူပင် မေ ၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာအုပ်စု ရေလဲကလေးကျေးရွာရှိ မဟာဝိသုဒ္ဓါရုံရွှေကျောင်းကျောင်းတိုက်သို့ ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၈၀၀ အခမဲ့ သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါ သောက်သုံးရေ အခမဲ့လှူဒါန်းမှုအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေး ဦးဆောင်၍ ရေလဲကလေးနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရတနာထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် အခမဲ့ သွားရောက်လှူဒါန်းခဲ့ပြီး သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် အခြားကျေးရွာ၊ ရပ်ကွက်များသို့လည်း ဆက်လက်၍ အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

❖



# မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မေ ၆

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများသို့ သွားရောက်ကြည့်ရှုအားပေး

ပဲခူး မေ ၆

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတူ မေ ၆ ရက် နံနက်ပိုင်းက အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းတို့၌ ၂၀၂၄ ခုနှစ် အခြေခံပညာစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အခြေခံစာတတ်မြောက်ရေးတွင် စိတ်ပါဝင်စားစွာ လာရောက်လေ့လာသင်ယူနေသည့် အသက် ၉၅နှစ်ကျော် အဘိုး၊ အဘွားတို့အား ထောက်ပံ့ငွေများ ဂုဏ်ပြုပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မေ ၆ ရက်မှ စတင်ပြီး အခြေခံစာတတ်မြောက်ရေး တက်ရောက်သင်ကြားမည့်သူ ၉၅၆၃ဦးအား စာသင်ဝိုင်း ၆၉၆ဝိုင်း၊ နည်းပြဆရာ၇၁၁ဦးနှင့် ကြီးကြပ်ဆရာ ၇၄ ဦးတို့ဖြင့် ခေါင်းစဉ် ၁၃မျိုး ပူးတွဲသင်ကြားလျက်ရှိရာ အခြေခံစာတတ်မြောက်ရေး အပြင် နိုင်ငံ့သားကောင်းဖြစ်ရေး ဦးတည်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၂၉၄ ဒသမ ၄၂သန်းဖြင့် မြေဧရိယာ ၁၀၄ ဧကအား ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးထားမှုနှင့် နွေစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သီးထပ်စွမ်းအားတိုးတက်စေရေး ကြိုတင်ပျိုးထောင်သည့်စနစ် အသုံးပြုကာ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးသွားရန်နှင့် မြေလပ်မရှိစေရေးနှင့် စိုက်ပျိုးရေအား အကျိုးရှိရှိအသုံးပြုရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

# နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင်နှင့် လယ်ဝေးခရိုင်တို့၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားများကျင်းပ

နေပြည်တော် မေ ၆

ပညာရေး ဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အတွက် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် အခြေခံစာတတ်မြောက်ရေး လုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဥတ္တရသီရိမြို့နယ်ရှိ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ဖွင့်ပွဲ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးတို့က အမှာစကားပြောကြားကြပြီး ၂၀၂၄ ခုနှစ် ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေး လုပ်ငန်း စာသင်ဝိုင်းသုံး ပစ္စည်းများကို ပေးအပ်ကာ စေတနာ့ဝန်ထမ်း လုပ်အားပေး နည်းပြ၊ ကြီးကြပ်များနှင့် တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီက လယ်ဝေးမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း နှင့် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးတို့က အမှာစကားပြောကြားကြပြီး ၂၀၂၄ ခုနှစ် ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းသုံး ပစ္စည်းများကို ပေးအပ်ကာ စေတနာ့ဝန်ထမ်း လုပ်အားပေး နည်းပြ၊ ကြီးကြပ်များနှင့် တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။(အပေါ်ပုံ)

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းတွင် စာသင်သားပေါင်း ၁၉၅၈ ဦးကို စာသင်ဝိုင်းပေါင်း ၁၃၆ ဝိုင်းစုဖွဲ့၍ စေတနာ့ဝန်ထမ်း လုပ်အားပေး နည်းပြ/ကြီးကြပ်သူပေါင်း ၁၇၉ ဦးတို့က တစ်ရက် ပျမ်းမျှ သုံးနာရီ၊ နာရီအားဖြင့် ၁၂၀၊ ရက်အားဖြင့် ၄၀ ကြာ စာတတ်မြောက်ရေး သင်ကြားခြင်းနှင့်အတူ လူမှုဘဝ မြင့်မားရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယခုဆောင်ရွက်သည့် စာတတ်မြောက်ရေး လုပ်ငန်းတွင် Mobile App; ကို အသုံးပြုပြီး "ဝ၊ ထ၊ က၊ လ၊ သ" အဆင့်မှ "အ" သုံးလုံးကျေအဆင့်အထိ စာသင်သားများကိုယ်တိုင် လေ့လာသင်ယူနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့သည်။ ယင်း Mobile App; အသုံးပြုနည်းကိုလည်း ဗဟိုအဆင့်နည်းပြသင်တန်းတွင် ထည့်သွင်းပို့ချခဲ့ပြီး စာသင်ဝိုင်းများရှိ စာသင်သားများကိုလည်း Mobile App; အသုံးပြုနည်း သင်ကြားပြသ၍ သင်ယူတတ်မြောက်မှု လွယ်ကူလျင်မြန်စေရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မုဒုံမြို့၌ အခြေခံစာတတ်မြောက်ရေး သင်တန်းဖွင့်

မုဒုံ မေ ၆

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ရှင်အရဟံခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမင်းအောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်မြဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်ထောက်ကူပစ္စည်းများကို သင်တန်းသား သင်တန်းသူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် စာသင်ဝိုင်း ၈၁ ဝိုင်းဖြင့် စာသင်သား ၁၂၁၈ ဦးတို့ကို အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မျိုးသူ (ပြန်/ဆက်)



## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၆

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။

မိုး/ဇလ

# ကျိုက်မရောမြို့နယ်တွင် စာတတ်မြောက်ရေးလှုပ်ရှားမှုစာသင်ဝိုင်းများဖွင့်ပွဲ ကျင်းပ



ကျိုက်မရော မေ ၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုစာသင်ဝိုင်းများ ဖွင့်လှစ်သင်ကြားခြင်းကို မေ ၆ ရက် နံနက် ၉ နာရီက ကျိုက်မရောမြို့ ရေတွင်းကျေးရွာ အ.ထ.က.ခွဲကျောင်းခန်းမ၌ ပြုလုပ်သည်။

ကျိုက်မရောမြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ကျေးလက်စာသင်ဝိုင်းစုစုပေါင်း ၂၀၇ဝိုင်းရှိပြီး စာသင်သား ၃၁၀၀ လျာထားကြောင်းသိရသည်။

ယနေ့စာသင်ဝိုင်းများ စတင်ဖွင့်လှစ်ရာနေရာများသို့ မြို့နယ်စာတတ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က သင်ကြားရေးစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများ၊ အချိုရည်ဘူးများနှင့် ခေါက်ဆွဲခြောက်ထုပ်များကို စာသင်သားများထံ ထောက်ပံ့ပေးအပ်ပြီး စာသင်ကြားနေမှုများအား ကြည့်ရှုအားပေးခဲ့ကြသည်။

အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများကို မေ ၆ရက်မှ မေ ၁၅ရက် အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မိချို (ပြန်/ဆက်)

# ပုသိမ်မြို့နယ်၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ




ပုသိမ် မေ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်း မြို့နယ်အဆင့် ဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက် နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က“အကြောင်းအမျိုးမျိုးကြောင့် ငယ်စဉ်က မူလတန်းပညာကို ပြီးဆုံးအောင် မသင်ကြားခဲ့ရသူများနှင့် ကျောင်းမနေခဲ့ရသည့် စာမတတ်သူ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်စေရန်အတွက် စာတတ်မြောက်ရေးလုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဗဟိုအဆင့်နည်းပြသင်တန်း တက်ရောက်ခဲ့သည့် ဆရာ ဆရာမများက တိုင်းဒေသကြီးအဆင့် ဆင့်ပွားသင်တန်းကို ပို့ချခဲ့ပြီး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများကိုလည်း ဆက်လက်ပို့ချခြင်း ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အခြေခံအရေး၊ အဖတ်၊ အတွက်အချက်များကို သင်ကြားပြသပေးကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို မေ ၈ ရက်မှ မေ ၁၉ ရက်အထိ သက်ဆိုင်ရာစခန်းအသီးသီးရှိ စာသင်ဝိုင်း ၁၇၇၁ ဝိုင်းတွင် စာသင်သား ၂၅၀၁၆ ဦးအား ဆရာ ဆရာမများက ရက်ပေါင်း ၄၀ ကြာ တစ်နေ့လျှင် သုံးနာရီနှုန်းဖြင့် နာရီပေါင်း ၁၂၀ သင်ကြားပို့ချသွားမည်ဖြစ်ပါကြောင်း၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအတွက် သက်ဆိုင်ရာစာဖတ်ဝိုင်းအသီးသီးတွင် သင်ကြားပြသပေးမည့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် စေတနာလုပ်အားပေးကျောင်းသား ကျောင်းသူများအား ကျေးဇူးအထူးပင်တင်ရှိပါကြောင်း၊ ပုသိမ်မြို့နယ် စာတတ်မြောက်ရေးလုပ်ငန်းတွင် ပါဝင်သင်ကြားပြသပေးမည့် ဆရာ ဆရာမများ၊ စေတနာလုပ်အားပေး တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းသားကျောင်းသူများအနေဖြင့် တက်ညီလက်ညီဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် အခြေခံစာတတ်မြောက်ရေး ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း” အမှာစကားပြောကြားပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့အတူ ၁၃၈၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၅ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် ပြုလုပ်ရာ ညှိနှိုင်းအစည်းအဝေးသို့ ၁၃၈၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီများနှင့် လုပ်ငန်းကော်မတီများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကြံခင်းမြို့၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ



ကြံခင်း မေ ၆

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်စေရန် ရည်ရွယ်ပြီး အခြေခံစာတတ်မြောက်ရေး လုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်း ဖွင့်လှစ်ခြင်းကို ယမန်နေ့နံနက် ၉ နာရီက အထက(၁)အောင်ကျော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်း တက်ရောက်ခဲ့သော အထက်တန်းပြဆရာမ ဒေါ်နှင်းချယ်ရီဖြိုးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို စာသင်သား ၂၁၁ ဦးအား ကြီးကြပ်တစ်ဦး၊ နည်းပြ ၁၄ ဦးနှင့် တက္ကသိုလ်မှ လုပ်အားပေးဆရာ တစ်ဦးတို့ဖြင့် မေ ၅ ရက်မှ ၇ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သထုံမြို့နယ်၌ အခြေခံစာတတ်မြောက်ရေးအတွက် စာသင်ဝိုင်း ၆၉ ဝိုင်း ဖွင့်လှစ်သင်ကြားပေး

သထုံ မေ ၆

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာ ပြီးဆုံးသည်ထိ မသင်ကြားခဲ့ရသူများ၊ စာမတတ်သူ၊ ကျောင်းမနေသူများ ပညာရေးနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာတတ်မြောက်ရေးမြှင့်တင်နိုင်ရေးအတွက် ယနေ့နံနက်မှစတင်ကာ ကျေးရွာအုပ်စုပေါင်း ၃၃ စုတို့၌ စာသင်ဝိုင်း ၆၉ ဝိုင်း ဖွင့်လှစ်ကာ စာသင်သား ၈၀၄ ဦးတို့အား သင်ကြားပေးလျက်ရှိကြောင်း မြို့နယ်အဆင့် စာတတ်မြောက်ရေးကြီးကြပ်မှုကော်မတီမှ သိရသည်။

စာသင်ဝိုင်းများ စတင်ဖွင့်လှစ်သင်ကြားရာသို့ မြို့နယ်အဆင့် စာတတ်မြောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

သထုံမြို့နယ်အတွင်း အဆိုပါစာသင်ဝိုင်းများကို မေ ၆ ရက်မှ မေ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပန်းတနော်မြို့၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်းဆွေးနွေးပွဲ ကျင်းပ

ပန်းတနော် မေ ၆

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်း ဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက အထက(၁) မြတ်ပညာခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်စီစီက သင်တန်းလမ်းညွှန်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းနည်းပြ ဆရာ ဆရာမများအား မနီလေးပြုံးနိုင်ပြီ အသိပညာပေးဗီဒီယိုဖြင့် တင်ဆက်ပြသခဲ့ကြောင်း သိရသည်။



အဆိုပါသင်တန်းဆွေးနွေးပွဲကို မေ ၅ ရက်မှ ၇ ရက်အထိ ကြီးကြပ်ကိုးဦး၊ သင်တန်းနည်းပြများဖြစ်သည့် ဆရာ ဆရာမ ၈၂ ဦး၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ သုံးဦး စုစုပေါင်း ၈၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**



# ဓနုဖြူမြို့နယ်၌ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်လှစ်

ဓနုဖြူ မေ ၆

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ဓနုဖြူမြို့နယ် အခြေခံစာတတ်မြောက်ရေးသင်တန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကိုတင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဓနုဖြူမြို့နယ် အခြေခံစာတတ်မြောက်ရေးသင်တန်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြို့နယ်ပညာရေးမှူး ဆရာကြီးဦးလှဌေးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး “မနီလေးပြုံးနိုင်ပြီ” ဇာတ်လမ်း Video Clip အား Projector ဖြင့် ပြသခဲ့သည်။

အဆိုပါသင်တန်းကို မေ ၅ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# လတပေါင်း

**မောင်လူမွှေး (မြန်မာမှု)**

**မြန်မာ့ဆယ့်နှစ်လရာသီလများတွင် "တပေါင်း သာခေါင် လများနောင်" ဆိုသည့် တပေါင်းလသည် ရှေးပုဂံခေတ်တစ်လျှောက်လုံး ဝိသဇ္ဇနီ(ဝစ္စနှစ်လုံးပေါက်)မပါဘဲ "တပေါင်" ဟုသာ ရေးထိုးကြ၏။ တန်ခူးလမှစတင်သော် နောက်ဆုံးလဖြစ်သည်။ ရှေးမြန်မာမှုစာပေများ၌ ကမ္ဘာဦးအစ ပထမလသည် "တပေါင်းလ" ဖြစ်ကြောင်းကို ဝိသုဒ္ဓိမဂ်ကျမ်း၊ အာဒိ ကပ္ပကျမ်း၊ ပေါရာဏကျမ်းများတွင် ဖွင့်ဆိုလေသည်။ "တပေါင်းလ"ကို ရာသီစက်အနေဖြင့် ပြောရပါကလည်း တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်မှ တပေါင်းလပြည့်နေ့အထိ ဆောင်းဥတုတွင်ပါဝင်၍ တပေါင်းလပြည့်ကျော်တစ်ရက်မှ ဝါဆို လပြည့်နေ့အထိ နွေဥတုတွင် ပါဝင်နေသည်။**

> **"သဲပုံစေတီမှ အဆင့်ဆင့်ဖြစ်ပေါ်လာသော ဝါဠုကစေတီ၊ ထူပစေတီ၊ ဂူဟာစေတီ စသဖြင့် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် တည်ဆောက်ခဲ့ကြသော မြန်ပြည်အနှံ့စေတီပုထိုး ဘုရားများ၏ပွဲတော်များကို များသောအားဖြင့် ဤတပေါင်းလတွင် ဘုရားပွဲကျင်းပကြမြဲ ဖြစ်ပါသည်။ ထိုဘုရားပွဲတော်များအနက် အကြီးကျယ်ဆုံးနှင့် နှစ်ပေါင်းအကြာဆုံးပွဲတော် မှာကား ရွှေတိဂုံစေတီတော် ဘုရားပွဲဖြစ်ပေသည်။ ပုဂံဒေသ ရွှေစည်းခုံ၊ အာနန္ဒာစသည့် စေတီဘုရားပွဲတော်များသည်လည်း စည်ကားလှပါသည်။ အေဒီ ၁၁-၁၂ ရာစုနှစ်တွင် တည်ဆောက်ခဲ့ကြ၍ ဘုရားပွဲတော်ကျင်းပခဲ့သည့်ကာလလည်း ကြာညောင်းခဲ့ပေပြီ။ မြန်ပြည်အနှံ့ တန်ခိုးကြီးစေတီဘုရားများ၏ပွဲတော်များကိုလည်း ဤတပေါင်းလတွင်ပင် ဒေသအလိုက် ကျင်းပကြမြဲဖြစ်သည်။ ထိုအထဲတွင် တပေါင်းလတွင် ကျင်းပသော ရွှေတိဂုံစေတီတော်ဘုရားပွဲသည် ထူးခြားလှ"**

ထိုအကြောင်းအရာများကို "တပေါင်းလ" စာအလင်္ကာတွင် အကျယ်ဖော်ပြပါမည်။ ဤ၌ "တပေါင်း" ရေးထုံးကိုသာ ဦးစွာဖော်ပြပါမည်။

**နိဗ္ဗာန်ဆိပ်ဦးဘုရားကျောက်စာတွင် သက္ကရာဇ်ကိုသာမက ဖုဿျှနှစ်ဟုလည်းရေး**

ငါပေါင်သင်ကျောက်စာတွင် (သကြစ် ၅၃၇- တပေါင်လ)၊ ပုဂံပြတိုက်ကျောက်စာ အမှတ်-၅၂ တွင် (သက္ကရာဇ် ၅၅၉- တပေါင်လဆန်း ၆ ရက်)၊ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကို ကျွန်လှူသော ကျောက်စာတွင် (သက္ကရာဇ် ၆-ရာ ၁-ဆယ်ခု တပေါင်လ)၊ ကိုယ်တော်ပျောက် ကျောက်စာတွင် (သက္ကရာဇ် ၆၂၃-ခု တပေါင်လ)စသည်ဖြင့် ရေးသားလာခဲ့ကြရာ အင်းဝခေတ်သို့ ရောက်မှသာလျှင် ဝစ္စနှစ်လုံးပေါက်ထည့်၍ "တပေါင်း"ဟု ယခုခေတ် ရေးထုံးကဲ့သို့ ရေးလာကြပေသည်။ သို့တိုင် အချို့ ကျောက်စာများတွင် ဝစ္စနှစ်လုံးပေါက်မပါဘဲ ရေးမြဲ တွေ့ရပေသေးသည်။ ရွှေသိမ်တော်မော်ကွန်း ကျောက်စာတွင် (သကြစ် တထောင်ကိုဆယ်-၁၀၉၀ တပေါင်လ)၊ နိဗ္ဗာန်ဆိပ်ဦးဘုရားကျောက်စာ စသည်တို့တွင် တွေ့ရပေသည်။ နိဗ္ဗာန်ဆိပ်ဦးဘုရား ကျောက်စာတွင် သက္ကရာဇ်ကိုသာမက ဖုဿျှနှစ်ဟု လည်း ရေးသည်ကို တွေ့ရပေသည်။ ပုဂံခေတ် ကျောက်စာများတွင် သက္ကရာဇ်စဉ်သာမက ယနေ့ခေတ် သကြံနိစာတွင် ရေးလေ့ရှိသော ဖုဿျှနှစ်၊ ဇေဋ္ဌနှစ်၊ အသလိဿနှစ် စသည်ဖြင့် နှစ်အမည်များကိုလည်း ရေးထိုးကြလေသည်။

တပေါင်းလ ဝေါဟာရနှင့်ပတ်သက်၍ လေှသင်းအတွင်းဝန်မင်း ဦးချိန်၏ ဝေါဟာရ လီနတ္ထဒီပနီတွင်-

**"မိန၊ မိန်ရာသီကား။ မလျှော၊ ငါးကြင်းပွတ် သဏ္ဍာန်စုသည် ဆိုသည်။ အင်္ဂလိပ် ပြင်သစ် လူမျိုးတို့နေရာ အနောက်မျက်နှာ တိုင်းကြီးပြည်ကြီးများက ရောက်လာသည့် ကမ္ဘာမြေလုံး မိန်ရာသီတွင်လည်း ငါးကြင်းရုပ်နှစ်ခုပင် ရေးထားလျက်ရှိသည်။ ထိုရာသီ၏ ပရိယာယ်သုံးပါး၌ န-အက္ခရာတွင် တံခွန်နှင့် (မိန်)ရာသီဟု ခေါ်ဆိုသည်။ ထိုရာသီကား ငါးကြင်းပွတ်အဆင်းသဏ္ဍာန်နှင့်တူသော ရာသီ၊ ငါးတို့ ရှင်မြူးကြိုက်နှစ်သက်သော ရာသီဆိုလိုသည်။ ထိုရာသီတွင် ဥတ္တရဖလဂုနီနက္ခတ်နှင့်ယှဉ်၍ လပြည့်သောကြောင့် ဖဂ္ဂုဏမာသဟူ၍ သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်းတို့တွင် ဆိုသည်။ ထိုရာသီကိုစွဲ၍ တပေါင်းလမြန်မာ့ဘာသာခေါ်ဝေါ်သည်မှာ အမရကောသ အဘိဓာန်ကျမ်းတွင် "တပဿျား၊ ပူပန်ခြင်းကောင်းသော တပေါင်းလ။ ဖလ္ဂုဏာတိ၊ ဖဂ္ဂုဏာ ပုဏ္ဏမီနှင့်ယှဉ်သော တပေါင်းလ" ဟူ၍ ပရိယာယ်ရှိသည်။ ကာလရှည်လျားဝေးကွာသောကြောင့်၊ တပဿျား - ပျက်ယွင်း၍ မြန်မာ့ဘာသာ "တပေါင်းလ" ဖြစ်သည်"**ဟု ယူရမည်ကို ဖော်ပြထားလေသည်။ (မူရင်းသတ်ပုံအတိုင်း)

ဆရာကြီးဦးဖိုးလတ်၏ မြန်မာလအမည်များတွင် -

**"တပေါင်းတွင် "ထန်း" ဟောပုဒ်နှင့် ချက်၊ ပြုတ်၊ ကျို ဟော "ပေါင်း" ပုဒ်ကို စပ်သော် ထန်းချက်သည်။ ထန်းချက်လဟု ရိုးသားဖြောင့်စဉ်းသောအနက် ပေါ်ထွက်လာချေ၏။ ထန်းချက်သည်ဟုဆိုရာ၌ ထန်းရည်ကို ထန်းလျက်ဖြစ်အောင် ကျိုချက်ခြင်းဟူ၏။ တပေါင်း=ထန်းချက်သည်။ ထန်းရည်ကို ကျို၍ ထန်းလျှက်ချက်သည်။ ထန်းချက်လ။ ထန်းရည်ကိုကျို၍ ထန်းလျက်ချက်သောလ"** ဟု ဖော်ပြထားလေသည်။

တပို့တွဲ၊ တပေါင်း၊ တန်ခူး သုံးလလုံးသည် ထန်းပင်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဝေါဟာရများ ဖြစ်ပါသည်။ တပေါင်းတွင် ပါဝင်သော "ပေါင်း" ဝေါဟာရကို ဆရာကြီး ဦးဖိုးလတ်က တရုတ်၊ တိဗက်၊ မြန်မာတိုင်းရင်းသားလူမျိုးစုတို့၏ ဝေါဟာရအသံထွက် စသည်များကို ဘာသာဗေဒ၊ သဒ္ဒဗေဒများနှင့် ညှိနှိုင်းတိုက်ဆိုင်၍ ဖွင့်ဆိုထားသည်မှာ အလွန်မှတ်သားဖွယ်ရာ ဖြစ်ပါသည်။ လေှသင်းအတွင်းဝန်မင်းနှင့် ဦးဖိုးလတ်၏ အယူအဆကို အောက်ပါအတိုင်း မှတ်စုပြုနိုင်ပါသည်။

တပေါင်းလ = (၁) ပူပန်ခြင်းကောင်းသောလ [တပဿျား(သက္ကတ)=တပေါင်း]။ ဝေါဟာရလီနတ္ထ။
(၂) ပူသောနွေရာသီသို့ ကျရောက်သောလ [တပ(ပါဠိ)=တပေါင်း]။ ဝေါဟာရလီနတ္ထ။
(၃) ထန်းချက်လ၊ထန်းရည်ကိုကျို၍ ထန်းလျက်ချက်သောလ [တာလ- တာလ်- တန်း= တ (ထန်း)+ ပေါင်း=ချက်သောလ]။ ။ (မြန်မာလအမည်များ)

ဆိုလိုသည်မှာ မြန်မာ့သုတေသနပညာရှင် ဦးဖိုးလတ်က တပေါင်းအမည်သည် လေှဝန်မင်း ဦးချိန်နှင့် တချို့သောပညာရှင်များ ကြံဆသလို ပါဠိပျက်၊ ပါဠိသက် သက္ကတဖက်သော ဝေါဟာရ မဟုတ်ဘဲ မြန်မာဝေါဟာရစစ်စစ်ဖြစ်ကြောင်းကို "ရိုးသားဖြောင့်စင်းသောအနက် ပေါ်ထွက်လာလေ၏" ဟု ကောက်ချက်ချ ဖော်ပြထားလေသည်။

တပေါင်းလ၏ ပွဲတော်မှာ "သဲပုံစေတီပွဲတော်" ဖြစ်သည်။

**"ငါးတန်ငါးကြင်း၊ ရွှေတသင်းတို့၊ မြစ်တွင်း မြူးပျော်၊ ဇင်ယော်မြစ်တွေး၊ ချစ်သံလေးနှင့်၊ ရေကျေးရေငှက်၊ စက္ကဝက်ဟင်္သာ၊ ငှက်တကာလည်း၊ ဘာသာကျူးကြော်၊ မြူးပျော်ကြတုံ၊ ငွေသောင်ခုံဝယ်၊ သဲပုံစေတီ၊ ပွဲတော်ပြီတည်း"**

ဟု အင်းဝခေတ် စာဆိုကျော် ရှင်မဟာသီလဝံသ ဖွဲ့ဆိုသည်ဟု အဆိုရှိသော ဗုဒ္ဓုပ္ပတ္တိပျို့တွင် တပေါင်းလ သဲပုံစေတီပွဲတော်ကို မြစ်နားချောင်းနား တစ်ဝိုက် ပြုလုပ်ကြသည်ဟု သိနိုင်ပေသည်။

သဲပုံစေတီပွဲတော်မှာ ဗုဒ္ဓဘာသာမှ ဆင်းသက်လာသော မြန်မာ့ယဉ်ကျေးမှုပွဲတော် ဖြစ်သည်။ ပုဂံခေတ်ကပင်လျှင် သဲပုံစေတီ ပေါ်ခဲ့သည်ကို သမိုင်းအထောက်အထားများအရ သိရပေသည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် နွေရာသီရောက်သောအခါ သဲခုံ၊ သောင်ခုံများ ဟိုမှသည်မှ ပေါ်ပေါက်လာလေသည်။ ထိုအချိန်တွင် အများပြည်သူများ လုပ်ငန်းခွင်သိမ်း၍ ရွှေစငွေစ ရှင်သည့် ရာသီလည်း ဖြစ်ပေသည်။ သဲပုံစေတီဆိုတိုင်းလည်း မြစ်နားချောင်းနားတစ်ဝိုက် အားလုံးမဟုတ်ဘဲ လွင်တီးခေါင် ကုန်းမြင့်ဒေသတို့တွင်လည်း ပြုလုပ်ကိုးကွယ်ကြလေသည်။ မည်သို့ကိုးကွယ်သည်ဖြစ်စေ ယာယီသဘော အလွယ်သဘောအရ သဲကိုပင် အသုံးပြုရရိုးဖြစ်ရာ သဲပုံစေတီဟုပင် ခေါ်တွင်ကြလေသည်။

**မြင့်မိုရ်တောင်ရှိ အာလိန်ငါးဆင့်**

ရှေးအခါက သဲပုံစေတီကို မူလတည်ထားစ ချိန်တွင် သန့်စင်ပြီး သဲများကို ရိုင်ပတ်ဆင့်၍ တည်ကြလေသည်။ ရိုင်ပတ်များကို အဆင့်ငါးဆင့် တည်ဆောက်ကြသည်။ မြင့်မိုရ်တောင်ရှိ အာလိန်ငါးဆင့်ကို ရည်ရွယ်၍ တည်ထားကြသည်။ ထိုအာလိန်ငါးဆင့်ကို သဲများဖြင့် အပြည့်သိပ်ရသည်။ တံခွန် ကုက္ကား၊ မုလေးပွား၊ ကြက်လျှာပန်းများဖြင့် ပူဇော်ကြလေသည်။

တပေါင်း၊ တန်ခူးကျော်ပြီး ရေများတက်လာချိန်တွင် ထိုသဲပုံစေတီမှာ ပျက်ပြယ်သွားလေသည်။ တချို့လည်း မြစ်ရေစီးကြောင်းပေါ် မူတည်၍ သောင်ထွန်းခြင်း၊ ကျွန်းစုပေါ်ခြင်း စသည်ဖြင့် ကျန်ရှိလေသည်။ ကုန်းကျင်း လွင်တီးခေါင်များတွင် ပြုလုပ်သော သဲပုံစေတီများမှာလည်း ကဆုန်၊ နယုန် မိုးလေဆုံသောအခါ ပျက်ပြယ်သွားလေသည်။ တချို့နေရာတွင် စေတီရာ ကျန်ရှိခဲ့လေသည်။ နှစ်ကာလကြာသောအခါ ထိုနေရာကို ငုံ၍ အုတ် အင်္ဂတေဖြင့် တည်ထားကိုးကွယ်ကြလေသည်။

အနော်ရထာမင်းလက်ထက် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်းသဲခုံတွင် စွယ်တော်မြတ်ကို ဌာပနာ၍ စေတီတော်ကြီးတစ်ဆူ တည်ထားခဲ့သည်။ စွယ်တော်ပင့်လာရာ လမ်းတစ်ထောက် ထိုသဲခုံပေါ်တွင် ဆင်တော်ဝပ်၍ နားရာမှ စေတီတော်တည်ခြင်း ဖြစ်သည်ဟု အဆိုရှိလေသည်။ ထိုစေတီကြီးမှာ သဲခုံပေါ်တွင် တည်ထားခဲ့၍ ရွှေစည်းခုံစေတီဟု ဘွဲ့တော်သတ်မှတ်ခဲ့ရာ ယခုတိုင်ထင်ရှားစွာ ရှိနေပေသည်။ (စည်းခုံ= စဲခုံ= သဲခုံ။ သလွန်=စလွန်၊ သလဲ=စလဲ စသည်တို့ကဲ့သို့ သနှင့် စ ပြောင်းသည်)။

သဲပုံစေတီတော်နှင့်ပတ်သက်၍ ပိဋကတ်ဆိုင်ရာကျမ်းများတွင် အတိတ်ကိုညွှန်၍ ဖွင့်ဆိုသော စာပေများရှိပေသည်။ အပါဒါန်ပါဠိတော် ပုလိနုပ္ပါဒကမထေရ် ဝတ္ထုတွင် သဲပုံစေတီတည်ခြင်း အကြောင်းကို ဖော်ပြထားလေသည်။ ယုံကြည်ကိုးကွယ်မှုဘာသာရေး ယဉ်ကျေးမှု ရိုးရာဓလေ့ အနေဖြင့် ရှေးမြန်မာကြီးများ တီထွင်ဖန်တီးခဲ့ကြသော မြန်မာမှုတစ်ရပ်ပင်ဖြစ်သည်။ တီထွင်ဖန်တီးသည်ဆိုသော်လည်း ပိဋကတော်နှင့် မကိုက်ညီသော အကြောင်းအရာမဟုတ်ပေ။ အထက်ဖော်ပြပါ အပါဒါန်ပါဠိတော် ပုလိနုပ္ပါဒကမထေရ် ဝတ္ထုလာ အကြောင်းရင်းတွင် လူတစ်ဦးတစ်ယောက်သည် တိုးတက်ကြီးပွားလာသည် အသက်ကြီးလာသည်နှင့် အမျှ ယုံကြည်ကိုးကွယ်မှု စိတ်၏တည်ဆောက်ရာ ထွက်ပေါက်ဖြစ်ရာ တစ်ခုမဟုတ်တစ်ခု ရှိသင့်ကြောင်းကို ဖော်ပြသောဝတ္ထုသာဓကဖြစ်လေသည်။

ရှေးမြန်မာ့ယဉ်ကျေးမှု မြန်မာမှုတို့ အမြုတေတည်ရာ ပုဂံဒေသတွင် လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်းဆိုသည့် အနေအထားရှိသော်လည်း တခြားဒေသများတွင် ထိုကဲ့သို့ မရှိသေးပေ။ အေဒီ ၁၁ ရာစုနှစ်မှသည် ယနေ့ ၂၁ ရာစုနှစ်အထိ မြန်ပြည် အနှံ့တွင် တည်ထားခဲ့ကြသော စေတီပုထိုးများသည် တပေါင်းလ သဲပုံစေတီယဉ်ကျေးမှုမှ မြစ်ဖျားခံလာသည်၊ ဆက်စပ်နေသည်ဆိုသော အချက်အလက်တွင် ပါဝင်သည်ဆိုပါက လွန်အံ့မထင်ပေ။

**အကြီးကျယ်ဆုံးနှင့် နှစ်ပေါင်းအကြာဆုံး ပွဲတော်မှာကား ရွှေတိဂုံစေတီတော်ဘုရားပွဲ**

သဲပုံစေတီမှ အဆင့်ဆင့်ဖြစ်ပေါ်လာသော ဝါဠုကစေတီ၊ ထူပစေတီ၊ ဂူဟာစေတီ စသဖြင့် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် တည်ဆောက်ခဲ့ကြသော မြန်ပြည်အနှံ့ စေတီပုထိုး ဘုရားများ၏ ပွဲတော်များကို များသောအားဖြင့် ဤတပေါင်းလတွင် ဘုရားပွဲကျင်းပကြမြဲဖြစ်ပါသည်။ ထိုဘုရားပွဲတော်များအနက် အကြီးကျယ်ဆုံးနှင့် နှစ်ပေါင်းအကြာဆုံး ပွဲတော်မှာကား ရွှေတိဂုံစေတီတော် ဘုရားပွဲဖြစ်ပေသည်။ ပုဂံဒေသ ရွှေစည်းခုံ၊ အာနန္ဒာ စသည့် စေတီ ဘုရားပွဲတော်များသည်လည်း စည်ကားလှပါသည်။ အေဒီ ၁၁-၁၂ ရာစုနှစ်တွင် တည်ဆောက်ခဲ့ကြ၍ ဘုရားပွဲတော်ကျင်းပခဲ့သည့် ကာလလည်း ကြာညောင်းခဲ့ပေပြီ။ မြန်ပြည်အနှံ့ တန်ခိုးကြီး စေတီဘုရားများ၏ ပွဲတော်များကိုလည်း ဤတပေါင်းလတွင်ပင် ဒေသအလိုက် ကျင်းပကြမြဲ ဖြစ်သည်။ ထိုအထဲတွင် တပေါင်းလတွင် ကျင်းပသော ရွှေတိဂုံစေတီတော်ဘုရားပွဲသည် ထူးခြားလှပေသည်။

ရွှေတိဂုံစေတီတော်သမိုင်းအရ မဟာသက္ကရာဇ် ၁၀၃ ခု တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် သိကြားမင်း၊ ဥက္ကလာပမင်းကြီးနှင့် တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ ကြီးမှူး၍ စေတီတော်ကြီးကို တည်တော်မူခဲ့သည်ဟု အဆိုရှိပေသည်။ ခေတ်အဆက်ဆက် မင်းအဆက်ဆက် တပေါင်းပွဲတော်ကို ကျင်းပခဲ့ကြသည်။ ဤသို့သော ပွဲသဘင်ကို စာဆိုတော် နဝဒေးကြီးက-

**စာမျက်နှာ ၁၁ သို့ ✢**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဥ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်အဖွဲ့များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ဘားအံ ဧပြီ ၆**

ဒေသတွင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းတာဝန်များကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းတာဝန်ထမ်းဆောင်လျက်ရှိသော ဘားအံမြို့နယ်အတွင်းရှိ ဌာနေပြည်သူ့စစ်အဖွဲ့များအား ဧပြီ ၅ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကရင်ပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ကြက်ဥများထောက်ပံ့ပေးအပ်ခဲ့သည်။



ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ပြည်သူ့စစ်တပ်ဖွဲ့များအချင်းချင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချိတ်အဆက်မိမိဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုပြီး ပြည်သူများက ယုံကြည်အားကိုးထိုက်သည့် ပြည်သူ့စစ်မှုထမ်းကောင်းများဖြစ်အောင် နေထိုင်ကျင့်ကြံသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်မှတာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဘားအံမြို့နယ်အတွင်းရှိ ဌာနေပြည်သူ့ စစ်အဖွဲ့များအား စုစုပေါင်းငွေကျပ် ၁၅၄၀၈၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၉၀ ၊ ဆီ ပိဿာ ၉၀၀ ၊ ခေါက်ဆွဲခြောက် ဖာ ၉၀ ၊ ကြက်ဥကတ် ၉၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဌာနေပြည်သူ့စစ်အဖွဲ့များအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ညောင်တုန်း ဧပြီ ၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ပန်းခင်း(၃) စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးခြင်းကို ယနေ့ နံနက်ပိုင်းကမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာအုပ်စုများတွင် အသက် ၁၆ နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမရှိသည့် စဉ်ဆက်မပြတ် အမြဲနေထိုင်သူများအား ငါးဦးကော်မတီဖြင့် စိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအား သက်ဆိုင်ရာ မြို့နယ်များနှင့် ချိတ်ဆက်ညှိနှိုင်းပယ်ဖျက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေးခြင်းတို့ကိုကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**



✣ စာမျက်နှာ ၁၀ မှ

"တပေါင်းသော်ကား၊ ဆံတော်ဒဂုံ၊ တက်ကြတုံ၏။ ပည်းပုံများဖြင့် သဘင်နှစ်ကြောင်း၊ လှေပေါင်းလှည်းက၊ တုပဆင်ယင်၊ မမြင်စဖူး၊ တင့်လွန်ကျူးမျှ၊ စုံပူးမကွာ၊ သို့သောခါသည်..."

စသည်ဖြင့် ရေးဖွဲ့ထားရာ လှည်း၊ လှေများဖြင့် ရေကြောင်း၊ ကုန်းကြောင်းနှင့် လာရောက်ဖူးမြော်ကြပုံ၊ ပွဲသဘင်များခံကြပုံ၊ ထူးခြားသောဝတ်ကောင်းစားလှများ ဝတ်စားဆင်ယင်ကြပုံ၊ မောင်နှံစုံများလာကြပုံ စသည်တို့ကို ရေးဖွဲ့ထားရာ ရေးအခါက ဘုရားပွဲသို့ လာရောက်ကြပုံတို့ကို ကွက်ကွက်ကွင်းကွင်း မြင်ရသကဲ့သို့ ခံစားတွေးထင်နိုင်ပါ၏။

ရွှေတိဂုံ တပေါင်းပွဲတော်နှင့်ဆက်စပ်၍ ခရစ်နှစ် ၁၈၈၂ ခုနှစ် ရွှေရိုးအမည်ခံ Sir Scott (James George Scott) ရေးသည့် The Burman စာအုပ်တွင်-

"မြန်မာနိုင်ငံတွင် အားလုံးသောဘုရားပွဲတော်များအနက် ရွှေတိဂုံဘုရားပွဲတော်သည် အကြီးကျယ်ဆုံးဖြစ်သည်။ ဘုရားဖူးများ ပြည့်ကျပ်စည်ကားလှသည်။ မြန်မာနိုင်ငံရှိ အဝေးဆုံးအရပ်ဒေသများ၊ ရှမ်းကုန်းပြင်မြင့် အရပ်ဒေသများကသာမက ပင်လယ်ရပ်ခြား တိုင်းနိုင်ငံများဖြစ်သည့် ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် ကိုရီးယားနိုင်ငံများမှလည်း ဘုရားဖူးဧည့်သည်များ လာရောက်ကြသည်။"ဟု မှတ်တမ်းပြုထားလေသည်။

ထိုကဲ့သို့ပင် ၁၈၈၇ ခုနှစ် မတ်လ ၁၁ ရက်နေ့ (သီပေါမင်းပါတော်မူပြီး ၂ နှစ်ကျော်အကြာ) ရန်ကုန်ဂေဇက် အပတ်စဉ်သတင်းစာတွင်လည်း-

"ရွှေတိဂုံတပေါင်းပွဲတော်သို့ ယခုနှစ်တွင် လာရောက်ကြသူများမှာ အထူးများပြားကြောင်း၊ လွန်ခဲ့သော ရက်အနည်းငယ်ခန့်ကပင် မြို့တွင်း၌ တောမှ ဘုရားဖူးများဖြင့် ပြည့်နှက်နေကြောင်း၊ ယင်းတို့အထဲတွင် ရှမ်းလူမျိုးနှင့် ကရင်လူမျိုး အများအပြား ပါဝင်ကြကြောင်း ယမန်နေ့နံနက် ရွှေတိဂုံကုန်းတော်ပေါ်တွင် မြင်ရသောရှုခင်းများ မျက်စိပသာဒအမြင်တွင် ထူးခြားလှ၍ စိတ်နှလုံးကို ချမ်းမြေ့ဖွယ်ဖြစ်ကြောင်း၊ အကြောင်းမှာ ဝတ်ကောင်းစားလှမျိုးစုံကို ဝတ်ဆင်ထားသော လူတန်းကြီးမှာ မျက်စိတဆုံးပင်ဖြစ်ကြောင်း" စသဖြင့် တပေါင်းပွဲတော်အကြောင်းကို ဖော်ပြထားလေသည်။

### နှစ်ပေါင်း ၉၀ ပြည့်

ဆရာကြီးသိပ္ပံမောင်ဝ၏ ရွှေတိဂုံတပေါင်းပွဲတော် ဆောင်းပါးဝတ္ထုမှာ အထူးခြားတကာ့အထူးခြားဆုံးဟုပင် ဆိုရပေမည်။ ယခုနှစ် ၂၄-၃-၂၀၂၄ ဆိုလျှင် နှစ်ပေါင်း ၉၀ ပြည့်ပေပြီ။ ၁၂၉၆ ခု ဒုတိယဝါဆိုလ ဆရာကြီးသိပ္ပံမောင်ဝ၏ တပေါင်းလ ရွှေတိဂုံဘုရားပွဲဆောင်းပါးကို မြတ်ရွှေတိဂုံယဉ်ကျေးမှုစာစောင် အတွဲ-၄ အမှတ်-၁ တွင်ဖတ်ရှုနိုင်ပါသည်။ ယခုထိပင်လျှင် တပေါင်းလတွင် ရွှေတိဂုံဘုရားပွဲတော်ကို ကျင်းပမြဲဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်မှ ညအိပ်နေ့နေ ဘုရားဖူးသူများ ရှိပေသေးသည်။ ဆရာကြီး သိပ္ပံမောင်ဝ၏ဆောင်းပါးပါ ဗုဒ္ဓဘာသာဝင် မျိုးဆက်များသည် ရွှေတိဂုံတပေါင်းပွဲတော်သို့ အသွင်သစ်၊ အမြင်သစ်၊ ခရီးစဉ်သစ်ဖြင့် တပေါင်းပွဲဆင်နွှဲလာရောက်နေကြဆဲဖြစ်ပါသည်။

တပေါင်းလ၏ပွဲသဘင် သဲပုံစေတီမှသည် တပေါင်းလတွင် ကျင်းပကြသော မြန်ပြည်အနှံ့ဘုရားစေတီပွဲများသည် ဒြပ်မဲ့ယဉ်ကျေးမှုများကို ဖော်ဆောင်နေပါကြောင်း တင်ပြနိဂုံးချုပ်အပ်ပါသည်။ ။

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ်( ၅ )ရက်နေ့မှ ( ၈ )ရက်နေ့အထိ(၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇:၀၀ အချိန်မှ ညနေ ၁၈:၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## (၂၀၂၄) ခုနှစ်၊ ကမ္ဘာ့ကျန်းမာရေးနေ့

ဧပြီလ (၇) ရက်

“လူတိုင်းလူတိုင်း ကျန်းမာဖို့၊ ကိုယ်စီပါဝင် ဆောင်ရွက်စို့”

“My Health , My Right”

ကျန်းမာရေးဝန်ကြီးဌာန

## မန္တလေးတိုင်းဒေသကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး



**မန္တလေး ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်ရှိခုတင် (၃၀၀) ဆံ့သင်ကြားရေးဆေးရုံနှင့် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ စလင်းကျောင်းတိုက်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများက စက်ယန္တရားတို့ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်ဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့်မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဧပြီ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေကြသည့် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်း စိတ်ဝင်စားသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် ခိုင်မာသောဈေးကွက် ဖော်ဆောင်နိုင်ကြစေရန်၊ ဈေးကွက်နှင့် ကိုက်ညီသော အရည်အသွေးပြည့်ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာစေရန်နှင့် အာဟာရပြည့်ဝသော အသားထုတ်လုပ်မှု တိုးတက်လာစေရန် မွေးမြူရေးကျေးရွာများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် အဆင်ပြေချောမွေ့စေရန်၊ မွေးမြူသူများအတွက် အကောင်းဆုံး အကျိုးအမြတ်ရရှိနိုင်စေရန် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် စောင့်ကြည့်လေ့လာသုံးသပ်ခြင်းကို မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့က ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်သူအားလုံးက ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး တိုင်းတာဝန်ခံက နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဌာနများမှ ကူညီပံ့ပိုးမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် မွေးမြူရေးတောင်သူများက မွေးမြူရေးလုပ်ငန်းများတွင် ကြုံတွေ့နေရသည့် အတွေ့အကြုံများနှင့် လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ကန်စွန်းခင်းရွာ မွေးမြူရေးတောင်သူ ဦးမြင့်ထူး၏ အသားစားကြက်ကောင်ရေ ၅၀၀၀ မွေးမြူထားရှိမှု၊ လယ်ဝေးမြို့နယ် ရသေ့တောင်ကျေးရွာ မွေးမြူရေးတောင်သူ ဦးမျိုးသူရ၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူထားသည့် အသားတိုးကြက်ကောင်ရေ ၆၀၀၀ နှင့် အသားတိုးဝက် မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဇီဝလုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန် လိုအပ်ချက်များ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်ကို ဆောင်ရွက်ခြင်းဖြင့် ကဏ္ဍနှစ်ရပ်မှ ဝင်ငွေတိုးတက် ခံစားရနိုင်မှုအခြေအနေ၊ လယ်ယာဘေးထွက်ပစ္စည်းများမှ တိရစ္ဆာန်အစာ ဖြည့်ဆည်းပေးနိုင်မှုနှင့် တိရစ္ဆာန်အညစ်အကြေးမှ သဘာဝမြေသြဇာအဖြစ် အသုံးပြုမှုများ ပါဝင်သည့် လှည့်ပတ်သုံးစွဲနည်းစနစ်ကို ပီပြင်စွာ ဖြစ်ပေါ်လာရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ အသားထုတ်လုပ်မှုကဏ္ဍ တန်ဖိုးတိုးတက်ရေးသည် ပုဂ္ဂလိကကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်များစွာ တည်မှီနေသဖြင့် ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိစေရန်နှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးဆိုင်ရာများကို သက်ဆိုင်ရာပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းရှင်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ်တွင် ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်အသုံးပြု၍ နွေစပါးနှိုင်းယှဉ်စိုက်ပျိုးခြင်း သရုပ်ပြ

**နေပြည်တော် ဧပြီ ၆**

စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် Kubota ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်အသုံးပြု၍ နွေစပါးနှိုင်းယှဉ်စိုက်ပျိုးခြင်း သရုပ်ပြပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ရှင်းလင်းဆောင်၌ ကျင်းပသည်။

ဦးစွာ ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုဦးက အမှာစကားပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် ဇမ္ဗူသီရိမြို့နယ်၏ နွေစပါးစိုက်ပျိုးမှုအခြေအနေများ၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နွေစပါးစိုက်ပျိုးမည့်တောင်သူများအား သွင်းအားစု သဘာဝမြေသြဇာများကို ထောက်ပံ့ပေးအပ်ပြီး တောင်သူ ဦးမျိုးဝင်း၏ လယ်မြေတွင် Kubota ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်များအသုံးပြု၍ နွေစပါးနှိုင်းယှဉ်စိုက်ပျိုးခြင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဟိန်းသူအောင်(ပြန်/ဆက်)

# ဂါဇာကမ်းမြောင်ဒေသ၌ ချက်ချင်းအပစ်အခတ်ရပ်စဲရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို



**ဂျေရုဆလင် ဧပြီ ၆**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ဟားမတ်စ် အပြန်အလှန်ပစ်ခတ်မှုများအတွင်း အရပ်သားအများအပြား သေဆုံးနေရခြင်းကြောင့် ချက်ချင်းအပစ်အခတ်ရပ်စဲရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ယမန်နေ့တွင် ထပ်မံတောင်းဆိုခဲ့ကြောင်း သိရသည်။

**ခြောက်လပြည့်**

အစ္စရေးနှင့် ဟားမတ်စ် ပဋိပက္ခဖြစ်ပွားမှုသည် ဧပြီ ၇ ရက်တွင် ခြောက်လပြည့်မြောက်မည်ဖြစ်သည်။

အစ္စရေးတပ်မတော်သည် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်ဦးဆောင်သည့် အကြမ်းဖက်တိုက်ခိုက်မှုကို ရှုတ်ချခဲ့ပြီး ဟားမတ်စ်နှင့် အခြားလက်နက်ကိုင်အဖွဲ့များက ထိန်းသိမ်းထားဆဲဖြစ်သည့် ဓားစာခံအားလုံးကို ခြွင်းချက်မရှိပြန်လွှတ်ပေးရန် တောင်းဆိုလျက်ရှိသည်။

ဂါဇာကမ်းမြောင်ဒေသ၌ လွန်ခဲ့သည့် ခြောက်လအတွင်း အစ္စရေး၏ စစ်ဆင်ရေးဆင်နွှဲမှုကြောင့် ပါလက်စတိုင်းအများအပြား သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောကြားသည်။

လူဦးရေထက်ဝက်ကျော်သည် ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ရင်ဆိုင်နေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ချက်ချင်းအပစ်အခတ်ရပ်စဲရန်၊ ကြောက်စရာကောင်းသည့် ဆင်းရဲဒုက္ခများကို ဖြေလျှော့ရန်နှင့် စားနပ်ရိက္ခာခေါင်းပါးမှုများကို ရပ်တန့်ရန် ဖြစ်နိုင်သမျှနည်းလမ်းများကို ဆောင်ရွက်သင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က မှတ်ချက်ပြုပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် -အောင်ကျော်ကျော်



## ဂါဇာကမ်းမြောင်၌ အကူအညီပေးရေးအဖွဲ့ဝင်များ သေဆုံးမှုကြောင့် အစ္စရေးအရာရှိ နှစ်ဦးကို ရာထူးမှ ထုတ်ပယ်

**ဂျေရုဆလင် ဧပြီ ၆**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုတွင် အမေရိကန်အခြေစိုက် အကူအညီပေးရေးအဖွဲ့တစ်ဖွဲ့မှ အဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့ပြီးနောက် အစ္စရေးတပ်မတော်သည် ၎င်း၏အရာရှိနှစ်ဦးကို ရာထူးမှထုတ်ပယ်ခဲ့ပြီး အခြားအကြီးတန်းတပ်မှူးများကိုလည်း ပြစ်တင်ရှုတ်ချခဲ့ကြောင်း သိရသည်။

လေကြောင်းတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှု လုပ်ဆောင်ပြီးနောက် ဧပြီ ၅ ရက်တွင် အထက်ပါအတိုင်း ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အကူအညီပေးရေးယာဉ်များကို တိုက်ခိုက်မိခြင်းသည် ပြင်းထန်သည့် စစ်ဆင်ရေးအမှားအယွင်းတစ်ခုဖြစ်ပါကြောင်း အစ္စရေးစစ်တပ်ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ် ဟာဂါရီက ပြောကြားသည်။

ယင်းသို့ မှားယွင်းစွာ ပစ်ခတ်မိခြင်းသည် အဆိုပါအဖွဲ့၏ မော်တော်ယာဉ်များဖြစ်သည့် World Central Kitchen ၏ အမှတ်တံဆိပ်များကို ညဘက်တွင် မမြင်နိုင်သောကြောင့်ဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ဝန်ခံပြောကြားသည်။

ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဂီလက်အာဒန်က အစ္စရေးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုအတွက် ဝမ်းနည်းကြောင်း ပြောကြားသည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေဆိုင်ရာ ချိုးဖောက်မှုများကို ရပ်တန့်ရန် ကုလသမဂ္ဂအဖွဲ့နှင့် အကူအညီပေးရေး လုပ်သားများက အစ္စရေးအစိုးရအား တောင်းဆိုခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အဟန့်အတားမရှိ ဝင်ရောက်နိုင်စေရန်အတွက် အစ္စရေးအစိုးရက လမ်းဖွင့်ပေးသင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗာဆီလီ နီဘန်ဇီယာက ဝေဖန်ပြောကြားသည်။

အရပ်သားများအား ထိခိုက်နစ်နာစေသောနည်းလမ်းများကို အစ္စရေးအစိုးရက လက်ကိုင်ထားမည်ဆိုပါက အမေရိကန်၏မူဝါဒကို ပြင်ဆင်ဆုံးဖြတ်မည်ဖြစ်ကြောင်း အမေရိကန်ကိုယ်စားလှယ် ဂျွန်ကာလီက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

## ကနေဒါနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း မတ်လတွင် ၆ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာ

**အော့တဝါ ဧပြီ ၆**

ကနေဒါနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ယခုနှစ် မတ်လတွင် ၆ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာပြီး လွန်ခဲ့သည့် ၁၂ လအတွင်း တစ်ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့ကြောင်း ကနေဒါနိုင်ငံစာရင်းအင်းဌာနက ဧပြီ ၅ ရက်တွင် ပြောကြားသည်။

**၂၃ ရာခိုင်နှုန်း တိုးလာခဲ့**

ကနေဒါနိုင်ငံ၏ လစဉ် အလုပ်လက်မဲ့နှုန်း တိုးလာခြင်းသည် အလုပ်ရှာနေသူများ သို့မဟုတ် ယာယီအလုပ်ဆင်းမှု တိုးလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ကနေဒါနိုင်ငံ၌ အလုပ်လက်မဲ့ဦးရေ စုစုပေါင်း ၁ ဒသမ ၃ သန်း သို့မဟုတ် ရာခိုင်နှုန်းအားဖြင့် ၂၃ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း ကနေဒါနိုင်ငံအမျိုးသား စာရင်းအင်းအေဂျင်စီက ပြောကြားသည်။

အေဂျင်စီ၏အဆိုအရ ၂၀၂၃ ခုနှစ် မတ်လမှ ၂၀၂၄ ခုနှစ် မတ်လအထိကာလအတွင်း ကနေဒါနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၃ ဒသမ ၉ ရာခိုင်နှုန်းမှ ၁၀ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် ကနေဒါနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ကနေဒါနိုင်ငံသားများအတွက် ၁ ဒသမ ၈ ရာခိုင်နှုန်းမှ ၆ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးလာပြီး တရုတ်လူမျိုးကနေဒါနိုင်ငံသားများအတွက်မှ ၁ ဒသမ ၁ ရာခိုင်နှုန်းမှ ၇ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးလာကြောင်း သိရသည်။

ဌာနေ တိုင်းရင်းသားမဟုတ်သော အဓိကအလုပ်လုပ်ကိုင်သည့် အသက်အရွယ်ရှိ လူဦးရေများထဲတွင် အလုပ်လက်မဲ့နှုန်းသည် သုည ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၂ လတာကာလအတွင်း ၄ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးလာကြောင်းလည်း အဆိုပါ အေဂျင်စီက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အလင်းသစ်




## ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းသေဆုံးသူ ၃၃၁၃၇ ဦး ရှိလာ

**ဂါဇာ ဧပြီ ၆**

ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းသေဆုံးသူဦးရေမှာ ၃၃၁၃၇ ဦး ရှိလာခဲ့ကြောင်း ဟားမတ်စ်အဖွဲ့၏ ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးစစ်တပ်၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသား ၄၆ ဦး သေဆုံးကာ ၆၅ ဦး ဒဏ်ရာရခဲ့ပြီး လက်ရှိအချိန်တွင် ပါလက်စတိုင်းနိုင်ငံသား စုစုပေါင်း သေဆုံးသူ ၃၃၁၃၇ ဦးနှင့် ဒဏ်ရာရရှိသူ ၇၅၈၁၅ ဦး ရှိလာခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။



၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးတောင်ပိုင်းတွင် ဟားမတ်စ်အဖွဲ့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ၁၂၀၀ ခန့် သေဆုံးကာ ၂၅၀ ကျော် ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသည်။ အစ္စရေးတပ်ဖွဲ့ဝင်များသည် လက်တုံ့ပြန်သည့်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့ကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်လျက်ရှိသည်။သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အလင်းသစ်

## အစ္စရေး၏ ထောင်ချောက်အတွင်းသို့ မရောက်ရှိရန် အီရန်က အမေရိကန်ကို သတိပေး

**တီဟီရန် ဧပြီ ၆**

ဆီးရီးယားနိုင်ငံရှိ အီရန်ကောင်စစ်ဝန်ရုံးကို အမေရိကန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ပြီးနောက် အမေရိကန်အနေဖြင့် အစ္စရေး၏ ထောင်ချောက်အတွင်းသို့ မရောက်ရှိရန် အီရန်က အမေရိကန်ကို သတိပေးခဲ့ကြောင်း အီရန်အကြီးတန်းအရာရှိတစ်ဦးက ဧပြီ ၆ ရက်တွင် ပြောကြားသည်။

အီရန်သမ္မတ၏ နိုင်ငံရေးဆိုင်ရာ လက်ထောက်အရာရှိချုပ် မိုဟာမက် ဂျမ်ရှီဒီသည် အမေရိကန်အစိုးရထံ အီရန်မှ ပေးပို့သော ပေးစာတစ်စောင်ကို လူမှုမီဒီယာပလပ်ဖောင်းတွင် ရှင်းလင်းပြောကြားစဉ် အထက်ပါအတိုင်း မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

ဧပြီ ၁ ရက်တွင် ဆီးရီးယားနိုင်ငံ မြို့တော် ဒမတ်စကတ်ရှိ အီရန်ကောင်စစ်ဝန်ရုံးကို အမေရိကန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်မှုကြောင့် အီရန်အစ္စလာမ့်စ် တော်လှန်ရေးအစောင့်တပ်၏ စစ်ပြန်တပ်မှူး နှစ်ဦးအပါအဝင် အီရန်နိုင်ငံသား ခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အီရန်၏ ထိပ်တန်းခေါင်းဆောင် အယာတိုလာ အလီ ခါမီနီက အီရန်နိုင်ငံ၏ ကောင်စစ်ဝန်အဆောက်အအုံကို တိုက်ခိုက်မှုအတွက် အစ္စရေးအား နောင်တရစေရမည်ဟု ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ ထောင်ချောက်အတွင်းသို့ အမေရိကန်အနေဖြင့် မရောက်ရှိစေရန် အမေရိကန်ခေါင်းဆောင်များကို အီရန်က သတိပေးခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင် အင်္ဂပူမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၃၅၄တန်နှင့် အခြားသစ် ၁၂ ဒသမ ၁၆၈တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄၈၇၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၃ ရက်နှင့် ၄ ရက်တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သရက်ခရိုင် မင်းတုန်းမြို့နယ်၌ တရားမဝင်သစ်မျိုးစုံ ၁၅ ဒသမ ၉၃၂ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၇၆၁၆၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၃ ရက်နှင့် ၄ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ငါးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် Ceramic Tiles ၅၃၅၈ ဒသမ ၂၄ စတုရန်းမီတာ၊ JUBA Welding Machine ၅၂လုံး၊ တရုတ်နိုင်ငံထုတ် Lambda ပိုးသတ်ဆေး ကီလိုဂရမ် ၃၀၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၆၅၉၉၄၄)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၃၁လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Alpha ဘိလပ်မြေအိတ်ခွံ ကီလိုဂရမ် ၅၀၀၀၊ Galvanized Iron Pipe ကီလိုဂရမ် ၄၆၅၀၊ ဘိုလီဗီးယားနိုင်ငံထုတ် မုန်ညင်းစေ့ ၅၆၉၇၄ ကီလိုဂရမ်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း Golden Elite Gypsum Base Selfleveling ကီလိုဂရမ် ၅၀၀၀နှင့် KANG LONG Commercial+Self-Leveling ကီလိုဂရမ် ၂၀၉၅၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၆၇၄၈၃၀)ကို လည်းကောင်း၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေ




ကျပ် ၁၉၇၃၃၄၇၇၄)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၆မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသော ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော အရွယ်စုံကျောက်တုံး ၆၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၀၀၀၀)နှင့် အဆိုပါ ကျောက်စိမ်းများ တင်ဆောင်လာသည့် Mitsubishi Pajero တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Mazon Toilet Commode ၂၈၂လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၅၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၄ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကိုလည်းကောင်း၊ မေ ၅ ရက်တွင် မုံရွာမြို့ လယ်ဇင်ကျေးရွာ၌ လိုင်စင်မဲ့ Yamaha ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကို လည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Chevrolet Colorado ယာဉ် တစ်စီးနှင့် Toyota Hijet ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် သမီးလှကျွန်းအရှေ့ သုည ဒသမ ၆ မိုင်ခန့် အကွာ၌ သစ်သားလှေ တစ်စင်းပေါ်မှ တရားမဝင် ငါးမျိုးစုံ ကီလိုဂရမ် ၁၉၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀)နှင့် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ခိုကျွန်းအရှေ့ဘက်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရှပ်ဆွဲလှေ နှစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်၌ လိုင်စင်မဲ့ Yamaha FINN 115 ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၇၅၀၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၅ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့ အမှတ်(၄) ရပ်ကွက်၌ လိုင်စင်မဲ့ Shacman SX-2150 Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၁မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၇၂၇၀၈၀၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (ဃ) ရပ်ကွက်ရှိ မဆွေဆွေနွယ်(ခ)သဲသဲ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ကို လည်းကောင်း၊ အလားတူ မေ ၄ ရက် ညနေ ၄ နာရီတွင် ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ နောင်တုံကျေးရွာအနီး မိုင်းခုတ်-မိုင်းဆတ်သွားကားလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ မနာဖာအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



မဆွေဆွေနွယ်(ခ)သဲသဲ အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၅-၂၀၂၄ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တာသုတ်၊ ရတနသုတ်၊ မောရ္ဂသုတ်အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'ဇွဲကပင်မြေမှ ဖွံ့ဖြိုးတိုးတက်မှုများ' (အပိုင်း-၁)(ကရင်ပြည်နယ်၊ ဘားအံမြို့)
- ၀၉:၁၅ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (ဇာတ်သိမ်းပိုင်း)
- ၀၉:၃၀ ခါသကြိန်အဆို၊ အကများ
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၂၀ "နှစ်သစ်မင်္ဂလာမဟာသင်္ကြန်" တေးဂီတ ဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၂)
- ၁၂:၃၅ This Week's Special Interest
- ၁၃:၀၀ အသိပညာနှင့် အမှန်တရား
- ၁၃:၁၅ MRTV National News
- ၁၃:၄၅ မြန်မာဂန္ထဝင်ရုပ်ရှင် 'ပေဟင်တို့ချယ်ရီငြေ'
- ၁၆:၃၅ Sports Diary
- ၁၇:၀၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၀ Economic Review
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ခါသကြိန်အဆို၊ အကများ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတေလာ' (အပိုင်း-၄၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'သင်္ကြန်မိုးနှင့်ပွင့်လန်းခဲ့သောပန်းကလေး' (အပိုင်း-၃)
- ၂၁:၂၀ ဆေးရောင်စုံရုပ်ရှင် 'သင်္ကြန်မိုး'

**mitv**

- 07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
- 07:08 Bagan Lacquerware
- 07:21 Gardener of Royal Thazin Floral
- 07:42 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-7)
- 07:49 Listening Pleasure, Instrumental Music (Myanmar Harp) Mingalar Su Taung
- 08:01 News
- 08:28 Changes in Myanmar's Printing Industry
- 08:50 Thingyan Songs & Dances
- 09:01 A Grate Musician of A Horn Violin
- 09:24 Today Myanmar
- 09:37 Enchanting Myeik
- 09:51 Topics Potpourri
- 10:01 News

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ရှမ်းရိုးရာ' နန်တုံ' ဟင်းလျာ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
ကွမ်းရွက်စိုက်ပျိုးခြင်း

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ပန်ပက်ကျေးရွာမှ ကယန်းတိုင်းရင်းသားများ

**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၁၀)

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
အကြေပုဂံလို့တင်စားခေါ်ဝေါ်တဲ့မြောင်းမြမြို့ဟောင်း

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
စာပေအမြုတေ

**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
မြူးကြွတေးသံ NRC သင်္ကြန် (အပိုင်း-၃)

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ကောက်ရိုးမှိုစိုက်ပျိုးခြင်း

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ကျန်းမာရေးအတွက်ငှက်သိုက်ပေါင်းရည်

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
တို့ရွာအလှနဲ့ရာသီစာ (အပိုင်း-၁)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၄၅ စာပေဒေသာဝေဆာစေမည်
- ၁၃:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၃:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၁)
- ၁၃:၃၀ ရှေ့သို့ချီမည်…ပန်းတိုင်ဆီ (အပိုင်း-၁၃)

**MRTV FARMERS' Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ Past Lives (နိုင်ငံခြားဇာတ်လမ်း)
- ၁၉:၃၀ Small Farm Rising Family Farm Chores
- ၂၂:၀၀ ပင်လယ်ရေချမ်းငွေမှာခန်း (ဇာတ်လမ်း)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၅ Weekend News

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူ အနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့် ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Neko Shiri" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ်နေ စောဒေးဗစ်၊ "Pyae Phyo Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်နေ ပြည့်ဖြိုးအောင်၊ "Pyae Shan" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ်နေ ပြည့်လျှံငြိမ်းချမ်းတို့သုံးဦးအား နံနက် ၇ နာရီခွဲတွင်လည်းကောင်း၊ "Taw Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ်နေ နော်တောအူးဖောအား ည ၇ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ "Kham Kham Foot Villa Pyin Oo Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၂)နေ သွင်ထူးညီအား ညနေ ၅ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မင်းတပ်မြို့နယ် အောက်ချိုင်ရွာကို တပ်မတော်က လေကြောင်းဖြင့် ဗုံးကြဲမှု ကလေးငယ်နှစ်ဦးအပါအဝင် ပြည်သူငါးဦး ဒဏ်ရာရရှိမှုနှင့် ရွှေဘိုမြို့နယ် ရှားတောရွာကို တပ်မတော်က စစ်ကြောင်းထိုးဝင်ရောက်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးမှုကြောင့် ပြည်သူများ ရွာလုံးကျွတ်ထွက်ပြေးနေရကြောင်း သတင်းတု၊ သတင်းအမှားများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၆**

ချင်းပြည်နယ် မင်းတပ်မြို့နယ် အောက်ချိုင်ရွာကို မေ ၃ ရက်တွင် တပ်မတော်က လေကြောင်းမှ ဆင့်ပွား ထပ်ဆင့်ပေါက်ကွဲစေသည့် Cluster ဗုံးများဖြင့် ကြဲချတိုက်ခိုက်ခဲ့ရာ ကလေးငယ်နှစ်ဦး အပါအဝင် ပြည်သူငါးဦး ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန် ကောလာဟလ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အရ မေ ၃ ရက်တွင် တပ်မတော်က လေကြောင်းဗုံးကြဲတိုက်ခိုက်သည်ဆိုသည့် သတင်းမှာ သတင်းအမှားသာ ဖြစ်ကြောင်းနှင့် ထိုနေ့တွင် လေကြောင်းပျံသန်းမှုမရှိကြောင်းကို သက်ဆိုင်ရာနယ်မြေရှိ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ ယနေ့နံနက်တွင် ရွှေဘိုမြို့နယ် ရှားတောရွာကို တပ်မတော်က စစ်ကြောင်းထိုးဝင်ရောက်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးမှုကြောင့် ပြည်သူများ ရွာလုံးကျွတ် ထွက်ပြေးနေရကြောင်း မဟုတ်မမှန်ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပြီး ဖြစ်စဉ်အမှန်မှာ အဆိုပါ







ကျေးရွာတွင် အကြမ်းဖက်သမားများ ခိုအောင်း လှုပ်ရှားလျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသော ဒေသခံပြည်သူအချို့၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေး သွားရောက်ဆောင်ရွက်မှုကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop ဗုံးချ တိုက်ခိုက်ခြင်းများ လုပ်ဆောင်ကာ ကျေးရွာရှိ နေအိမ်အချို့ကို မီးရှို့ဖျက်ဆီးမှုများကြောင့် ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်မှုများရှိကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ပြည်သူလူထုမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားသွားစေရန် သတင်းတု၊ သတင်းအမှားများကို အချိန်ကိုက်ရေးသားဖြန့်ဝေကာ ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရမ်းမြို့၌ တပ်မတော်က စစ်မှုထမ်းထောက်ပံ့ရန် အဓမ္မငွေကောက်ခံနေဟု သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ မတ်လမှစပြီး နေအိမ်တိုင်း စစ်မှုထမ်းသွားမည့်သူများအား ထောက်ပံ့ပေးမည်ဆိုသည့် အကြောင်းပြချက်ဖြင့် ငွေကြေးကောက်ခံမှုများကို အလွန်အကျွံ ပြုလုပ်လျက်ရှိသည်ဟု သတင်းတု၊သတင်းအမှားများကို ပြည်ဖျက်မီဒီယာ DVB က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် စွပ်စွဲရေးသားထားပြီး ပြည်သူများ အထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အထက်ပါသတင်းနှင့်ပတ်သက်၍ ခရမ်းမြို့နယ်ရှိ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ရပ်ကွက်၊ ကျေးရွာများတွင် စစ်မှုထမ်းဆောင်မည့်သူများအတွက် ငွေကြေးကောက်ခံခိုင်းသည်ဆိုသည့်သတင်းမှာ သတင်းအမှားသာဖြစ်ပြီး မိမိတို့အနေဖြင့် ထိုသို့သော ကောလာဟလသတင်းများမှ ပြည်သူများ အမြင်မှန်သိရှိစေရေး ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် ပြည်သူများသို့ အသိပေးချပြ ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့်နေ့မှစ၍ တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပြည်သူများ စိုးရိမ်ထိတ်လန့်လာစေရန် လုပ်ကြံသတင်းမျိုးစုံဖြင့် ဝါဒဖြန့်ခြင်း၊ သတင်းတုသတင်းအမှားများဖြင့် မဟုတ်မမှန်စွပ်စွဲ၍ အောက်တန်းကျစွာ လုပ်ကြံဖန်တီးရေးသားခြင်းများ ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယခုနှစ်အတွင်း YBS ယာဉ်မတော်တဆမှု ဖြစ်စဉ်များအနက် လမ်းသွားလမ်းလာများကို တိုက်ခိုက်မိသည့် မတော်တဆမှုဖြစ်စဉ်မှာ အများဆုံးဖြစ်

**ရန်ကုန် မေ ၆**

ယခုနှစ်အတွင်း YBS ယာဉ်မတော်တဆမှုဖြစ်စဉ်များအနက် လမ်းသွားလမ်းလာများကို တိုက်ခိုက်မိသည့် မတော်တဆမှုဖြစ်စဉ်မှာ အများဆုံးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်ထံမှ သိရသည်။

၂၀၂၄ ခုနှစ် ဧပြီလဆန်းပိုင်းအထိ YBS ယာဉ်မတော်တဆမှုဖြစ်စဉ်ကြောင့် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူစာရင်းများအရ လမ်းဖြတ်ကူးသူအား တိုက်မိမှုကြောင့် သေဆုံးသူ ငါးဦးနှင့် ဒဏ်ရာရရှိသူ လေးဦး၊ ယာဉ်ပေါ်မှပြုတ်ကျမှုကြောင့် သေဆုံးသူ နှစ်ဦး၊ စက်ဘီးစီးနင်းသူနှင့် တိုက်မိသောကြောင့် သေဆုံးသူ သုံးဦးနှင့် ဒဏ်ရာရရှိသူ နှစ်ဦး၊ ဆိုင်ကယ်စီးနင်းသူနှင့် တိုက်မိမှုကြောင့် သေဆုံးသူတစ်ဦးနှင့် ဒဏ်ရာရရှိသူ ငါးဦး ရှိခဲ့ကြောင်း သိရသည်။

ထို့အတူ တက္ကစီယာဉ်နှင့် တိုက်မိမှုကြောင့် သေဆုံးသူ တစ်ဦးနှင့် ဒဏ်ရာရရှိသူတစ်ဦး၊ ကိုယ်ပိုင်ယာဉ်ငယ်ဖြင့် တိုက်မိမှုကြောင့် သေဆုံးသူ တစ်ဦးနှင့် ဒဏ်ရာရရှိသူ ၁၁ ဦး၊ မော်တော်ယာဉ်က ဓာတ်တိုင်ကို ဝင်တိုက်မိမှုကြောင့် ဒဏ်ရာရရှိသူ ကိုးဦး ရှိခဲ့ပြီး မေ ၃ ရက်အထိ သေဆုံးသူ ၁၃ ဦးနှင့် ဒဏ်ရာရရှိသူ ၃၂ ဦးရှိခဲ့ကြောင်း YRTC ၏ စာရင်းများအရ သိရသည်။

"လမ်းသွားလမ်းလာတွေ အများဆုံးသေဆုံးတာ တွေ့ရပါတယ်။ လမ်းကူးတဲ့အခါ စနစ်တကျ လမ်းစည်းကမ်းအတိုင်း သွားလာဖို့လည်း လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက လက်ယာကပ်မောင်းစနစ် ကျင့်သုံးတဲ့နိုင်ငံဖြစ်တဲ့အတွက်ကြောင့် လမ်းလျှောက်တဲ့အခါ လက်ဝဲဘက်ကပ်လျှောက်၊ ယာဉ်ကြောနဲ့ မျက်နှာချင်းဆိုင်လျှောက်မှ ကားတွေကို ရှောင်နိုင်မှာဖြစ်ပါတယ်။ လမ်းဖြတ်ကူးရင်လည်း မြင်ကွင်းရှင်းတဲ့နေရာမှကူးဖို့လိုအပ်ပါတယ်။ ယာဉ်မောင်းတွေကိုလည်း ဂရုစိုက်မောင်းဖို့ မှာကြားတာရှိပါတယ်"ဟု ၎င်းက ပြောသည်။

မေ ၂ ရက်က သန်လျင်မြို့နယ်တွင် YBS – 70 ယာဉ်မှာ မှတ်တိုင်အရောက်၌ ခရီးသည်သားအမိ ယာဉ်ပေါ်မှဆင်းနေစဉ် ယာဉ်ကမောင်းထွက်သွား၍ အသက် နှစ်နှစ်အရွယ် ကလေးငယ်ချော်လဲကာ ကားဘီးဖြင့် ဦးခေါင်းအား ကြိတ်မိသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်ကလည်း YBS ယာဉ်မတော်တဆမှုဖြစ်စဉ်ကြောင့် သေဆုံးသူ ၃၅ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၁၇ ဦးရှိခဲ့ပြီး သေဆုံးသူ ၃၅ ဦးအနက် လမ်းဖြတ်ကူးသူအား တိုက်မိမှုဖြစ်စဉ်ကြောင့် သေဆုံးသူ ၁၃ ဦးအထိရှိခဲ့ကြောင်း သိရသည်။

**MT**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၆**

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ၂၀၂၄ ခုနှစ် မတ်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer– 1941150)၊ (Gas Analyzer– 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 (PM2.5)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide($SO_2$)၊ Nitrogen Dioxide($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide(CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာ ဒိုင်အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင် ဒိုင်အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="7">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁ ဥတ္တရသီရိမြို့နယ်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="7">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ ဗိုလ်တထောင်မြို့နယ်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂ သာကေတမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃ တောင်ဒဂုံမြို့နယ်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄ သန်လျင်မြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅ လှည်းကူးမြို့နယ်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆ ရွှေပြည်သာမြို့နယ်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="7">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ အမရပူရမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံ နိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂ မတ္တရာမြို့နယ်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၃ အောင်မြေသာစံမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံ နိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၄ ပုသိမ်ကြီးမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံ နိုင်သော</td><td colspan="2">ကောင်းမွန်</td><td>ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင်</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၅ ညောင်ဦးမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆ ကျောက်ဆည်မြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၇ ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="7">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံ နိုင်သော</td><td colspan="2">ကောင်းမွန်</td><td>လက်ခံ နိုင်သော</td></tr>
<tr><td></td><td>၂ ကသာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃ ဟုမ္မလင်းမြို့</td><td>ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄ လဟယ်မြို့</td><td>ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင်</td><td>လက်ခံ နိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="7">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ ထားဝယ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂ မြိတ်မြို့</td><td>ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="7">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ ပဲခူးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="7">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ မကွေးမြို့</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂ သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="7">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁ မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td></td><td>၂ ဗန်းမော်မြို့</td><td colspan="5">ကောင်းမွန်</td><td></td></tr>
<tr><td>၉</td><td colspan="7">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁ ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂ မြဝတီမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="7">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁ မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="7">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁ ကျောက်ဖြူမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td></td><td>၂ သံတွဲမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၂</td><td colspan="7">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁ တောင်ကြီးမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂ တာချီလိတ်မြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃ ကျိုင်းတုံမြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td colspan="5"></td></tr>
<tr><td>၁၃</td><td colspan="7">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## တာမွေမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**တာမွေ မေ ၆**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် ဒဂုံလွင်လမ်းနှင့် သမာဓိလမ်းထောင့်ရှိ မေတ္တာပုညကာရီဓမ္မာရုံကြီး၌ ယနေ့နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ဇော် ဦးဆောင်သည့်အဖွဲ့က မေတ္တာညွှန့်ရပ်ကွက်အတွင်း နေထိုင်ကြသော မြန်မာတိုင်းရင်းသား လူမျိုးနွယ်စုများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်မျိုးမျိုး ရရှိနိုင်ရေးအတွက် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှု အခြေအနေအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုးအောင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းကို ပန်းခင်းစီမံချက်အဆင့်(၁)၊ (၂)တို့တွင် ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုအခါ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် မြို့နယ်အတွင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တိုင်းရင်းသားပြည်သူ ၄၅ ဦးကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန်အချက်များ**

- ✪ အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေပါ၊
- ✪ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ✪ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ✪ ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

- ❖ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ❖ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ❖ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ❖ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- ❖ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- ❖ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ❖ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ❖ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- ❖ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

# ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)

- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ➢ ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)

- ➢ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ သတိလစ်ခြင်း၊ တက်ခြင်း။

အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း

- ❖ လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- ❖ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ❖ လူနာ၏ ခြေရင်းကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ❖ လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- ❖ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
- ❖ လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း ပို့ဆောင်ပါ။

(ဧပြီလ၊ ၂၀၂၄)

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ လင်းခေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

နေပြည်တော် ဧပြီ ၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၈၉ ဒသမ ၁၅၂ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် လင်းခေးမြို့နယ် ဟိုမိန်း-နားမွန်းလုံကျေးရွာသွားလမ်းပေါ်ရှိ ပေ ၃၀ ကွန်ကရစ်တံတား (ပန်းသပြေ) တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ကွပ်ကဲမှုအောက်ရှိ လင်းခေးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းကြောင့် ဟိုမိန်းမြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်မှ လူဦးရေ ၃၅၃၂ ဦးနှင့် ဒေသခံကျေးရွာသုံးရွာမှ လူဦးရေ ၉၅၀ တို့၏ လမ်းပန်းဆက်သွယ်သွားလာမှု ပိုမိုကောင်းမွန်လာပြီး လူနေမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ရာ ဒေသခံများအနေဖြင့် များစွာဝမ်းမြောက်ပျော်ရွှင်လျက်ရှိသည်။

သတင်းစဉ်



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ရုံးဌာနများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၇) ရပ်ကွက် စုပေါင်းရုံးလမ်းရှိ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်းတို့ကို ဧပြီ ၅ ရက် ညနေပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ အသိပညာပေးဆောင်ရွက်ခဲ့သည်။

ထိုသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောသရုပ်ပြရာတွင် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနရှိ လက်ထောက်ကြီးကြပ်ရေးမှူး (တာဝန်ခံ) ဦးနေလင်းနှင့် ဝန်ထမ်း ၅၀ တို့အား မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ သန္ဓေ ငါးဦး၊ အရန် သုံးဦးတို့ဖြင့် ဟောပြော၍ DCP မီးသတ်ဆေးဘူးဖြင့် ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြကာ ဝန်ထမ်းများက လက်တွေ့ဆောင်ရွက်စေပြီး ရုံးတွင်းမီးဘေးအန္တရာယ် ကင်းရှင်းစေရေး စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၄-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၅ | ၂၈၃၀ | ၂၉၃၀ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၀၅ | ၂၉၅၅ | ၂၉၅၅ | ၂၉၁၅ | ၂၉၅၅ | ၂၉၇၅ | ၂၉၆၀ | ၂၉၄၀ | ၃၀၄၀ | ၃၀၅၅ | ၂၉၄၅ | ၂၉၆၅ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၅ | ၃၂၂၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၆ | ၂၈၆၅ |
| HSD (500 ppm) | ၂၂၈၆ | ၂၃၆၂ |
| HSD (50 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (10 ppm) | ၂၃၃၁ | ၂၄၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ဝတ္ထုတို

■ ယွန်းနှင်းဆီခိုင်




**အခန်း(၁)**

အိမ်ပေါ်ရောက်တော့ ခေါင်းပေါ်က ဆန်ကောလေးနဲ့ ခေါင်းခုလေးကို ပစ်ချလိုက်ပြီး စုစုနှင်း အမောဖြေလိုက်ပါတယ်။ ခဏအမောဖြေပြီးတဲ့နောက် သိုင်းလွယ်ထားတဲ့ လွယ်အိတ်လေးထဲက ငွေစအချို့ကိုထုတ်ပြီး ရေတွက်လိုက်ပါတယ်။ အားလုံးပေါင်း ခြောက်ထောင်ရှစ်ရာဆိုတော့ ပင်ပန်းခဲ့သမျှ အမောပြေရပြန်တယ်။ နာရီကို လှမ်းကြည့်လိုက်တော့ မနက်ဆယ်နာရီထိုးနေပြီ။ အိမ်ပေါ်မှာ ဘယ်သူမှရှိမနေပေ။ မောင်လေးအထွန်း၊ ညီမလေးပုတုဘယ်တွေလျှောက်ဆော့နေကြပါလိမ့်... အဖေကတော့ လမ်းထိပ်က ဖထီးတို့ဆိုင်မှာ ရှိနေပါလိမ့်မယ်။

"အထွန်းရေ၊ ပုတုရေ...ဘယ်တွေသွားနေကြလဲ... ငါရောက်နေပြီဟ... ပြန်လာကြပါဦး.."

"လာပြီ မစု..ဒီနေ့ နောက်ကျတယ်နော်... သားတို့ ဘာဝယ်ပေးရမလဲ၊ ဘာလုပ်ပေးရမလဲ.."

စုစုနှင်းက အသက်ဆယ့်နှစ်နှစ်ရှိပြီဖြစ်သလို၊ အထွန်းလေးက ဆယ်နှစ်၊ ပုတုလေးက အသက်အားဖြင့် ရှစ်နှစ်ပဲရှိကြပါသေးတယ်။ စုစုနှင်းတို့ရဲ့အဖေဖြစ်သူက အခုမှအသက်သုံးဆယ့်တစ်နှစ်ပဲရှိပါသေးတယ်။ ဒါပေမဲ့..အဖေရုပ်ရည်ဟာ ရှိရင်းစွဲထက် အများကြီးရင့်ရော်နေပါပြီ။ စုစုနှင်း သိတတ်စအရွယ်ကတည်းက အဖေဟာ အရက်ကို စွဲစွဲမြဲမြဲသောက်လာခဲ့တဲ့ ယစ်ထုပ်ကြီးတစ်ယောက် ဖြစ်နေခဲ့တယ်လေ။

စုစုနှင်းတို့အမေက လွန်ခဲ့တဲ့သုံးနှစ်ကပဲ ဆုံးပါးခဲ့ပြီဖြစ်ပါတယ်။ အဆုတ်ရောဂါကို စနစ်တကျဆေးဝါးကုသမှုမရှိခဲ့တာကြောင့် မသေသင့်ပဲ သေခဲ့ရတာလို့ အိမ်နီးနားချင်းတွေက ပြောကြတယ်။

"သေတော့လည်း ဝဋ်ကျွတ်တာပေါ့.. လင်ကောင်းသားကောင်း ရထားတော့ ရထားတဲ့လင်လုပ်စာကို မစားရတဲ့အပြင် ကိုယ့်ဝမ်းကိုယ် ရှာစားရတာလေ.. ဒီကြားထဲ တစ်ဗိုက်ပြီး တစ်ဗိုက်မွေးထားတဲ့ ကလေးတွေကို တူတူတန်တန်လည်း ရှာမကျွေးနိုင်၊ ပညာလည်းမသင်ပေးနိုင်။ ကိုယ်ကိုယ်တိုင်လည်းဆင်းရဲ၊ မွေးထားတဲ့ ကလေးတွေလည်းဆင်းရဲ... မိသင်းရေ သေလို့လည်း ထူးပြီးစိတ်မကောင်းစရာ မရှိပါဘူး... နောက်ဘဝမှာတော့ ဒီလိုလင်ယောကျ်ားမျိုးနဲ့ ထပ်မဆုံပါစေနဲ့လို့ နင့်အမေ ငါ..ဆုတောင်းပေးပါတယ်"

"အမေ့နာရေးမှာ နယ်မြို့လေးက ရောက်လာတဲ့ အမေ့ရဲ့အမေ၊ စုစုနှင်းတို့ရဲ့ အဘွားဖြစ်သူ ပြောခဲ့တဲ့စကားတွေပါ။ အမေ့နာရေးရက်လည်ပြီးတော့ အဘွားက သူနဲ့အတူ ရွာကိုလိုက်ခဲ့ဖို့ စုစုနှင်းတို့ မောင်နှမတွေကို ခေါ်ပါသေးတယ်။"

"မထည့်လိုက်နိုင်ပါဘူးဗျာ..."

အခုပဲ စုစုနှင်းက အသက်ကိုးနှစ်ရှိနေပြီ၊ အထွန်းကခုနစ်နှစ်၊ သူတို့နှစ်ယောက် ပုတုကို ထိန်းကျောင်းလို့ရတယ်။ ပြီးတော့ ပုတုက အသက်ငါးနှစ်ဖြစ်နေပြီ..ချီပိုးထိန်းကျောင်းနေရတာမှ မဟုတ်တာ။ စုစုနှင်းလည်း လေးတန်းဖြေထားတာ။ ရေးတတ်၊ ဖတ်တတ်နေပြီ...လူကောင်လည်းထွားတယ်။ သူ့အရွယ်က ဈေးဗန်းခေါင်းရွက်တတ်နေပြီလေဗျာ။ အဒေါ်က ခေါ်သွားပြီး ခိုင်းစားချင်တာ မဟုတ်လား.."

အဖေ့စကားကြောင့် အဘွားဖြစ်သူနဲ့ စကားတွေ အကြီးအကျယ်များကြပါတယ်။ နောက်ဆုံးတော့ စုစုနှင်းတို့ မောင်နှမတွေ အဘွားနောက်မလိုက်ရဘဲ အဖေနဲ့သာ ကျန်ရစ်ခဲ့ရပါတယ်။ အဲအရွယ်ကလေးထဲက မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်ခဲ့ရတဲ့ အမေ့တာဝန်တွေဟာ စုစုနှင်းပခုံးပေါ်ပြောင်း ရောက်လာသလိုပါပဲ။ အဖေကကိုယ်တိုင်သာ မိသားစုကို ရှာမကျွေးပေမယ့် စီမံခန့်ခွဲမှုက တော်လွန်းတယ်လို့ ပြောရမလိုပင်။

စုစုနှင်းကို ကုန်စိမ်းအချို့ ဈေးကြိုပေးပြီး ရပ်ကွက်ထဲ ပတ်ရောင်းခိုင်းပါတယ်။ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်လေးပေ့ါ။ အထွန်းလေးကိုတော့ ထမင်းချက်၊ ဟင်းချက်အဝယ်တော် လုပ်ခိုင်းပါတယ်။ ကျောင်းဖွင့်ချိန်ရောက်တော့ စုစုနှင်းရော အထွန်းပါ ကျောင်းမတက်ရတော့ပါပဲ ပုတုတစ်ယောက်ကိုသာ ကျောင်းတက်စေခဲ့ပါတယ်။

စုစုနှင်းမှာ လူကသာကလေးဖြစ်ပေမယ့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်ကြီးဖြစ်မှန်းမသိ ဖြစ်ခဲ့ရပါတယ်။ တစ်ခါတလေ ဈေးရင်းပြုတ်သွားတာမျိုးတွေ မကြာခဏ ဖြစ်တတ်ပါတယ်။ အဲဒီလိုအခါမျိုးမှာတော့ ကန်တွေ၊ ချောင်းတွေမှာ အလေ့ကျပေါက်တဲ့ ကန်စွန်းရွက်တွေ လိုက်ခူးပြီး ရောင်းရပါတယ်။ အခုလည်း ကန်စွန်းရွက်ရောင်းပြီး စုစုနှင်းပြန်လာခဲ့တာပါ။

စုစုနှင်းပြန်လာမှ ရတဲ့ငွေလေးနဲ့ ဆန်ပြေးဝယ်၊ မီးသွေး၊ ဒါမှမဟုတ်ရင် ထင်းဝယ်၊ ဟင်းအဖို့ကတော့ ကြက်ဥကြော်၊ လက်ဖက်သုပ်၊ ကန်စွန်းရွက်ကြော် အစရှိတဲ့ လွယ်ကူသက်သာတဲ့ ဟင်းအမယ်တစ်ခုခုနဲ့ ပြီးလိုက်တာများပါတယ်။ ရှာလို့ရတာကို မိသားစုစားဖို့ ဝယ်ခြမ်းချက်ပြုတ်ရပြီး အဖေ့အရက်ဖိုးတော့ မပေးရပါဘူး။

အဖေအရက်သောက်နေကျ အရက်ဆိုင်က ရပ်ကွက်အတွင်းက ပျံကျဈေးလမ်းကလေးမှာရှိပါတယ်။

မနက်ဆို အဖေက ဈေးလမ်းထဲက ဈေးသည်အချို့ရဲ့ ကုန်တွေကို ဈေးကြိုကားကနေ ဆိုင်အထိ ထမ်းပိုးပို့ဆောင်ပေးပါတယ်။ အခကြေးငွေကတော့ ဘယ်လောက်ရယ်လို့ မသတ်မှတ်ထားဘူးပေ့ါ။ အဖေ့အတွက် လုံလောက်တဲ့ အရက်ဖိုးလေး ရနေတာတော့အမှန်ပါပဲ။ ဘာပဲဖြစ်ဖြစ် အဖေ့ကို အရက်ဖိုးရှာမပေးရတာနဲ့တင် စုစုနှင်း ကျေးဇူးတင်နေမိပါတယ်။

အခုတော့ အသက်ဆယ့်နှစ်နှစ်အရွယ် စုစုနှင်းတို့ မောင်နှမသုံးယောက် စားဝတ်နေရေးအတွက် စုစုနှင်းက ခေါင်းရွက်ဗျပ်ထိုးဈေးသည်မလေးဘဝနဲ့ ရုန်းကန်နေခဲ့ရတာပဲဖြစ်ပါတယ်။

**အခန်း(၂)**

"မစု ဒီနေ့ ကြက်ဥကြော်လေးက ပိုပြီးစားလို့ကောင်းသလိုပဲဗျာ..."

ကြက်ဥကြော်လေး အနည်းငယ်ကျန်နေတဲ့ပန်းကန်ကိုကြည့်ပြီး အထွန်းလေးက စကားဆိုလာတာဖြစ်ပါတယ်။

"အေးပါ ကျန်ဖြတ်ကို နင်ရှင်းချင်နေတာမဟုတ်လား...စားလိုက်ပါဟယ် စကားတွေခေါ်မနေပါနဲ့.."

"အာဆို စားမယ်နော် မစု
စားကောင်းလို့ပါဗျာ မစုကလည်း ဟဲ ဟဲ..."

"ဟဲ့ အထွန်း ဒီနေ့ တစ်ခါမှ အဖေ ပြန်မလာသေးဘူးနော်..."

"ဟုတ်တယ် မစု.."

စုစုနှင်းတို့ပြောနေကြတဲ့ စကားပင်မဆုံးလိုက်ပါ။ အိမ်ရှေ့ဆီမှ အဖေရဲ့စကားသံ ခပ်ကျယ်ကျယ်ကို ကြားနေရပါတယ်။

"စုစုနှင်း...စုစုနှင်း.."

စုစုနှင်းကို အော်ခေါ်နေတာမို့ စုစုနှင်း အိမ်ကလေး၏ ဖိနပ်ချွတ်ဆီ ရောက်လာပါတယ်။ အဖေ အမူးများလွန်နေလေသလား.. တစ်ခါတလေ နေ့တစ်ပိုင်းနဲ့ အဖေဇက်ကျိုးတတ်တဲ့ အခြေအနေတွေရှိနေတာမို့ ရင်ထဲထိတ်သွားပါတယ်။ ဘာလို့လဲဆိုတော့ မထင်ရင်မထင်သလို စုစုနှင်းတို့မောင်နှမသုံးယောက်ကို ရိုက်နှက်တတ်တာမို့ပါ။

"ရှိ ရှိပါတယ် အဖေ.."

"ဟဲ့ နင်တို့ ထမင်းစားပြီးကြပြီလား.."

"ဟုတ် စားပြီးပါပြီ အဖေ.."

"အေး..နင်တို့ကို ငါပြောစရာရှိတယ်

ဒီအိမ်ရဲ့ စာချုပ်စာတမ်းတွေကို နင်တို့အမေ နာရေးဖြစ်တုန်းက ဦးသိန်းစိုးဆီ ပေးပြီး ငွေယူထားတာကို နင်တို့သိတယ်နော်.."

"ဟုတ်...သိပါတယ် အဖေ.."

"အေး ဟိုကသနားလို့ အတိုးမယူဘဲ ပေးထားတာ။ အခုဆို သုံးနှစ်လောက်ရှိနေပြီ။ ယူထားတဲ့ငွေက ဆယ်သိန်းဆိုတော့ အားလည်းနာလှပြီဟာ...အဲဒီတော့ အိမ်ကို ပေါက်ဈေးနဲ့ရောင်းပြီး ဦးသိန်းစိုးကို သာတယ်နာတယ်မမှတ်ပါနဲ့ ဆိုပြီး ဆယ့်ငါးသိန်းပေးလိုက်မယ်ဟာ... ရောင်းရင် ဆယ်ပေ၊ ပေခြောက်ဆယ်ပါမစ်အကွက်ဆိုတော့လေ မရဘူးဆိုရင်တောင် သိန်းတစ်ရာလောက်ရမှာဟ... ငါရောင်းချင်တယ်။ ရောင်းပြီးရင် နင်တို့ မောင်နှမသုံးယောက်ကို ပိုက်ဆံသိန်းသုံးဆယ် ပေးလိုက်မယ်။ နင်တို့အဘွားရှိတဲ့ ရွာမှာသွားနေကြပေ့ါ..."

အဖေ့စကားကြောင့် စုစုနှင်း စိတ်မောသွားပါတယ်။ ရန်ကုန်မြို့မှာ ကျောတစ်နေရာစာနေရာရဖို့ဆိုတာ အတော်လေး ခက်ခဲတဲ့အခြေအနေပါ။ ဒီမြေကွက်ကလေးက အဖေ့အမေဖြစ်သူ အဘွားတို့ ရွာမ မီးရထားသံလမ်းဘေးက ကျူးမှာ နေထိုင်စဉ် ဖယ်ရှားခံရပြီး အစားထိုးရထားတဲ့ မြို့သစ်မြေကွက်ကလေးဖြစ်ပါတယ်။

မြေကွက်ကို အဘွားမသေခင်က တစ်ဝက်ရောင်းလိုက်တာမို့ ဆယ်ပေသာ ကျန်ရစ်ခဲ့တာ ဖြစ်ပါတယ်။ နေစရာလေး မပူရတာမို့ စားဖို့အတွက်လေးသာရှာရတယ်။ အခုတော့ အဖေက နေစရာနေရာလေးကို ဖျောက်ဖျက်ချင်နေပြီ။ အဖေ့ကိုလည်း ပြန်ခံမပြောရဲပေ။ ဒါပေမဲ့ ဘယ်နည်းနဲ့မှ ဒီအိမ်လေးကို မရောင်းချစေလိုပါ။

"ဝယ်ချင်တဲ့သူက အသင့်ရှိနေပြီ.. ငါက ရောင်းမှာ၊ အဲဒါ နင်ဘယ်လိုသဘောရလဲ.."

"မရောင်းပါနဲ့လား အဖေရယ်... စုနှင်းလည်း ဒီရပ်ကွက်မှာ ဈေးရောင်းရတာ အဆင်ပြေနေတယ်။ အဖေလည်း ဈေးကုန်တွေထမ်းပေးရတာ အဆင်ပြေတယ်မဟုတ်လား... အကြွေးဆပ်ရမယ်ဆိုလည်း စုနှင်းကြိုးစားပြီး ဆပ်ပါ့မယ်။ ဦးလေးသိန်းစိုးက သဘောကောင်းပါတယ်အဖေရယ် မရောင်းပါနဲ့ နော်..."

"မရောင်းလို့မရဘူး ..ရောင်းမှရမှာဟဲ့။ နောက်ထပ်အကြွေးနည်းနည်းလည်း ရှိသေးတယ်။ ပြီးတော့..."

အဖေကစကားကိုမဆက်ဘဲ ခဏရပ်ထားပြီး ပြောဖို့ကို ချင့်ချိန်နေပြန်ပါတယ်။

"ဒေါ်မချိုကို နင်တို့သိတယ်မဟုတ်လား.. ဈေးလမ်းမှာ အသုပ်တို့၊ မုန့်ဟင်းခါးတို့ရောင်းတဲ့ မချိုလေ..."

စုစုနှင်းသိပါတယ်။ ဒေါ်မချိုဆိုတာ ကလေးသုံးယောက်အမေ တစ်ခုလပ်အဒေါ်ကြီးဖြစ်ပြီး သူ့သားသမီးတွေက စုစုနှင်းတို့ထက်အများကြီး ကြီးပါတယ်။ အကြီးမနဲ့ အလတ်မက အထည်ချုပ်မှာ အလုပ်လုပ်နေကြသူတွေဖြစ်ပြီး သားအငယ်ကတော့ စုစုနှင်းနဲ့ရွယ်တူဖြစ်ပြီး ကျောင်းတက်နေတာကို သိပါတယ်။

"အေး... ငါ နဲ့ ဒေါ်မချိုနဲ့ ယူကြတော့မယ်။ အဲဒါကြောင့် အိမ်ကိုရောင်းချင်တာ... နင်တို့ကို သိန်းသုံးဆယ်ပေးလိုက်မယ်။ အကြွေးက နှစ်ဆယ်လောက်ဆပ်ရမယ်။ ကျန်တာလေးကို ငါနဲ့မချိုနဲ့ ရင်းနှီး လုပ်ကိုင်စားကြမယ်ပေ့ါဟာ...နင်တို့ကိုလည်း ပစ်မထားပါဘူး။ ငါအဆင်ပြေရင် ပြေသလို ထောက်ပံ့မှာပါ.. "

"ဟင့်အင်း ဟင့်အင်း အဖေဘာသာ ဒေါ်မချိုမကလို့ ယူချင်တဲ့သူကိုယူ..စုနှင်းတို့မတားဘူး။ အိမ်ကိုတော့ ရောင်းမပေးနိုင်ဘူး။ အရောင်းမခံနိုင်ဘူး။ အဲတော့ စုနှင်းတို့လည်း ဘယ်အဘွားဆီမှမသွားဘူး။ အိမ်လည်းအရောင်းမခံဘူး..ဟီး အီး.."

"အောင်မယ် လူကလက်တောက်လောက်နဲ့ ငါ့ကိုအာခံနေတယ်။ ဒီအိမ်က ငါ့အမေဘက်ကရတဲ့အိမ် ငါ့အိမ်... ငါကြိုက်သလို လုပ်မယ်။ နင်တို့ကို ခြူးတစ်ပြားမှမပေးဘဲ ကန်ချပစ်လိုက်ရမလား... နင်တို့ ခွင့်ပြုချက်ကိုတောင်းနေတာလည်းမဟုတ်ဘူး။ ငါ့ပစ္စည်း ငါ့ရောင်းမှာပဲ...ဘာဖြစ်လဲ... ဒီညနေ ဝယ်သူနဲ့ချိန်းထားတယ်..ငါသဘော..ငါပစ္စည်းငါရောင်းမှာ...ရောင်းပြီးရင်.. မချိုကိုယူမှာ ဒါပဲ..."

ပြောချင်ရာပြောပြီး အိမ်ပေါ်ကနေ ဆင်းသွားပါတယ်။ အဖေ့ကျောပြင်ကို ကြည့်ရင်း စုစုနှင်းတို့မောင်နှမတွေ ဖက်ငိုမိကြပါတယ်။

စုစုနှင်းရဲ့ ဘဝနဲ့ချာရင် နဲ့ချာပါစေ... အထွန်းလေးနဲ့ ပုတုလေးကိုတော့ ဒီလိုဘဝကြီးနဲ့ ရေစုန်မမျောစေချင်သူပါ။ သုညသာသာရှိနေတဲ့ဘဝကနေ ကြိုးစားဖို့တောင် အခြေအနေအခွင့်အရေးမရတဲ့ ဘဝတွေပါလား.. ဝဋ်ကြွေးတွေသာဆိုရင် ကြေရပါလို၏လို့ စုစုနှင်း ဘုရားရှင်တော်မြတ်ဆီမှာ ဦးချကန်တော့ရင်း ဆုတောင်းမိတယ်။

"မငိုကြပါနဲ့ အထွန်းနဲ့ပုတုရယ် ဖြစ်လာတဲ့ဘဝကနေ မစုရုန်းကန်ပြီး ငါ့မောင်လေးနဲ့ ညီမလေးကို လုပ်ကိုင်ကျွေးပါ့မယ်..မငိုကြနဲ့နော်.."

အဲဒီအချိန်မှာပဲ အိမ်ရှေ့ဆီကို ရပ်ကွက်လူကြီးနဲ့ လူအချို့ရောက်လာပါတယ်။

"စုစုနှင်းရေ...စုစုနှင်း.."

အိမ်ဝယ်မယ့်သူတွေနဲ့ ရပ်ကွက်လူကြီး လာတယ်လို့သာထင်မိပါတယ်။ မျက်ရည်တွေကိုသုတ်ပြီး အိမ်ရှေ့ထွက်လိုက်ပါတယ်။

"စုစုနှင်းရေ စိတ်မကောင်းစရာပဲ... နင်တို့အဖေ ဈေးလမ်းထိပ်မှာ ကားတိုက်ခံရတာဆုံးသွားပြီ။ ဆေးရုံတောင်မရောက်လိုက်ဘူး... အခု နာရေးကိစ္စတွေ ဦးလေးတို့ လိုက်လုပ်ပေးနေတယ်။ ကလေးတို့ သိအောင်လာပြောတာ.."

"ရှင်...အဖေဆုံးပြီဟုတ်လား.... ဖြစ်မှဖြစ်ရလေ အဖေရယ်..."

**အခန်း(၃)**

ရပ်ကွက်က အဖေ့နာရေးကို အကျဉ်းရုံးပြီး အစအဆုံးစီစဉ်ပေးပါတယ်။ ဦးသိန်းစိုးက ရစရာရှိတဲ့ ကြွေးမြီတွေကို မယူတော့တဲ့အကြောင်း ရပ်ကွက်လူကြီးတွေရှေ့မှာပြောလာပါတယ်။ စုစုနှင်းလေ ဦးလေးသိန်းစိုးကို လက်အုပ်ချီပြီး ကန်တော့မိပါတယ်။ ဝမ်းနည်းဝမ်းသာနဲ့ မျက်ရည်ကျမိတဲ့အထိပါပဲ။ အဖေရှိစဉ်ကလည်း ကိုယ့်ဝမ်းကိုယ်ရှာစားခဲ့ရတဲ့ စုစုနှင်းတို့အဖို့ အဖေရဲ့သေဆုံးမှုက အထူးတလည် ထိခိုက်သွားစေတာမျိုးတော့ မရှိပါဘူး။ ရပ်ကွက်ကလည်း အမိမဲ့၊ အဖမဲ့ စုစုနှင်းတို့ကို ဝိုင်းဝန်းပံ့ပိုးပေးကြပါတယ်။ စုစုနှင်း မောင်လေးနဲ့ညီမလေးအတွက် လောကကြီးကို ရင်ဆိုင်ရပါဦးမယ်။ အထွန်းလေးကိုရော၊ ပုတုလေးကိုပါ ကျောင်းထားပေးနိုင်အောင် ကြိုးစားပါ့မယ်။ ရပ်ကွက်ကပံ့ပိုးပေးတဲ့ငွေအချို့နဲ့ ကုန်စိမ်းလှည်းလေးပေါ်မှာ ကုန်စိမ်းစုံစုံလင်လင်တင်လို့ ဈေးသည်မလေးစုစုနှင်း လောကကြီးကို ရင်ဆိုင်နေပါပြီ။

ဒါပေမဲ့လေ..ဝဋ်ကြွေးတွေကြေရပါလို၏လို့ စုစုနှင်းဆုတောင်းလိုက်မိလို့ များ အဖေနဲ့ သေကွဲကွဲရတာလား... အဖေ့ကို ဒီလိုမျိုးကြီးမဖြစ်စေချင်မိတာ အမှန်ပါ။ အဲဒီအတွေးကိုတွေးမိတိုင်း ရင်ထဲမကောင်းဖြစ်ရတယ်အဖေရယ်....

အဖေပီသတာ၊ မပီသတာတွေထက် အဖေ့ကို ဖြစ်လေရာဘဝမှာ လူပီသပြီး သားသမီးအပေါ် မေတ္တာပေးတတ်တဲ့ အဖေတစ်ယောက်အဖြစ် ပြန်လည်ရှင်သန်ပါစေလို့ စုစုနှင်းဆုတောင်းနေမိပါတယ်။ ။

## စာမတတ်သူ ပညာလှူ

☆ ရှေးအခါက တို့တောရွာ
စာတတ်မှု နည်းစွာ
အသိပညာ လွန်ချို့တဲ့
ဖွံ့ဖြိုးနိမ့်ကျခဲ့... ။

☆ ပညာမဲ့တဲ့ ဘိုးဘွားတွေ
စုပေါင်းဝိုင်းဖွဲ့ပေ
လသာညတွေ သင်ကြိုးစား
သက်ကြီး ကျောင်းသားများ... ။

☆ နိုင်ငံ့အားထား တို့လူငယ်
လုပ်အားပေးဖို့ရှယ်
နိုင်ငံတော်ရယ် ပေါင်းစပ်လို့
စာပေသင်ပေးစို့... ။

☆ ကြိုးစားကြလို့ ရည်ရွယ်တူ
ပပျောက်ရေး နည်းယူ
စာမတတ်သူ စာသင်ကြ
ရည်မှန်းချက် ပြည့်ဝ... ။

☆ ဝထကလသ သင်ရွတ်အံ
ရေးဖတ်တတ် အမှန်
ကြိုးစားရည်သန် သင်ယူပေး
စာမတတ်သူ ပပျောက်ရေး... ။

☆ မြို့ရွာမနေး တစ်ပြေးညီ
ဖွံ့ဖြိုးတိုးတက်စည်
အားမာန်ဝင့်ချီ လုံ့လထား
စာပေသင် ကြိုးစား
ပညာဉာဏ်စွမ်းအား ... ... ။ ။

ဇင်မင်းစိုး (ဗိုလ်ကလေး)

---

## တန်ဖိုးရှိစွ နွေသုံးလ

❖ ပညာသင်ကြား တစ်နှစ်တာ၊
ပြီးဆုံးတဲ့ နွေမှာ။
အနားယူကာ ခရီးသွား၊
ဗဟုသုတပွား။

❖ ဆော့ကစားရင်း ပျော်ပျော်ရွှင်၊
ဖေဖေ့စာအုပ်စင်။
ရုပ်ပြပုံပြင် ပညာပေး၊
ဖတ်ရှုရပြန်သေး။

❖ သင်္ကြန်တေးတို့ မြိုင်မြိုင်ဆိုင်၊
နှစ်စဉ်မရိုးနိုင်။
ပိတောက်ပွင့်လှိုင် အတာပွဲ၊
ရေကစားလို့နွှဲ။
နှစ်သစ်ကိုလည်း ရောက်ခဲ့ပြီ၊
မင်္ဂလာနှင့် အညီ။

❖ ရွာဦးကျောင်းဆီ သွားပါလို့၊
ယဉ်ကျေးလိမ္မာဖို့။
ဓမ္မစကူးလ် ကျောင်းတက်စို့။ ။

မောင်စိုးငွေ (ကသစ်မြေ)

ဆောင်းပါး

# ဘဝအတွက်စာများဖတ် တိုးတက်အနာဂတ်

■ ဈာန်လေး(ပညာရေး)

"စာပေတင့်မှ လူမျိုးမြင့်မည်"ဆိုသည့်အတိုင်း ကိုယ့်စာပေကိုချစ်မြတ်နိုးခြင်းအားဖြင့် ကိုယ့်လူမျိုးကိုလည်း တန်ဖိုးထားရာရောက်စေနိုင်ပါသည်။စာပေသည် လူသားများ၏ ရေသောက်မြစ်ပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။စာများများဖတ်သောသူသည် အသိဉာဏ်ဗဟုသုတကြွယ်ဝနိုင်သကဲ့သို့အရာရာကိုလည်း အကောင်းအဆိုးအကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်ပါသည်။ ဘဝကို အဓိပ္ပာယ်ရှိရှိတည်ဆောက်နိုင်ရန်အတွက် စာဖတ်ခြင်းဖြင့် နည်းလမ်းကောင်းများစွာကို ရယူအသုံးချနိုင်ပြီး လက်တွေ့ဘဝကိုလည်း သေသပ်လှပစွာ ထုဆစ်ပုံဖော်နိုင်ပါသည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ"ဆိုသည့်အတိုင်း လူသားများသည် စာအုပ်စာပေများဖြင့် ကင်းကွာ၍မရနိုင်သကဲ့သို့ ပစ်ပယ်၍လည်းမဖြစ်သင့်ပါ။စာပေသည်သာလျှင် လူသားများ၏မိတ်ဆွေအစစ်ပင်ဖြစ်သည်။ စာပေသည်သာလျှင် လူသားများ၏ စွမ်းအင်ဖြစ်ပေသည်။မဖြစ်နိုင်တော့ဘူးဟု ထင်ထားမိသောအရာတစ်ခုကို ဖြစ်နိုင်အောင်လုပ်ဆောင်သွား၍ ပြီးမြောက်အောင် လုပ်ဆောင်သွားနိုင်သူအများစုသည် စာပေများများဖတ်သောကြောင့်ဖြစ်သည်။ ကိုယ့်ရွာ၊ကိုယ့်ပြည်၊ကိုယ့်နိုင်ငံ၊ကိုယ့်လူမျိုး၊ ဘာသာသာသနာအစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စာပေယဉ်ကျေးမှုသည် အရေးပါဆုံးသော အခန်းကဏ္ဍတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံအတွင်း၌ အမျိုးသားစာတိုက်ကြီးများ မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ထားရပါသည်။

စာပေသည် ဘဝအတွက်အားအင်တစ်ခု ဖြစ်သကဲ့သို့ သမိုင်းအတွက်လင်းလက်ပြီး ဖျောက်မရသော အရိပ်ကောင်းတစ်ခုလည်းဖြစ်စေပါသည်။ ဆရာကြီးပခုက္ကူဦးအုန်းဖေသည် စာပေအသိပညာကြွယ်ဝမှုကြောင့် ဘဝရပ်တည်မှု တိုးတက်အောင်မြင်လာသော၊ ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။ ဆရာကြီးသည် စာအုပ်စာပေကောင်းများစွာကို ဖတ်ရှုလေ့လာခြင်းဖြင့် ဘဝကို လှပစွာထုဆစ်ပုံဖော်နိုင်ခဲ့ပါသည်။ ထို့ကြောင့် လူသားတိုင်းအတွက် လေးစားအားကျလောက်အောင်ပင် အတုယူစရာကောင်းပြီး စံပြုထိုက်သောပုဂ္ဂိုလ်တစ်ဦးအဖြစ် သမိုင်းတွင်လည်း အရိပ်ကောင်း၍ နောင်လာနောက်သားအတွက်လည်း စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့ပါသည်။

**အသိပညာဗဟုသုတကြွယ်ဝ**

ကျွန်တော့်၏ မိတ်ဆွေတစ်ဦးအကြောင်းကို ပြောပြချင်ပါသည်။ သူ၏နာမည်မှာ ဦးဝင်းတင့်ဖြစ်ပါသည်။ ဦးဝင်းတင့်သည် ကံအကြောင်း မလှ၍ အတန်းပညာကို ရှစ်တန်းအထိပင် တက်ခဲ့ရပါသည်။ သို့သော်လည်း သူ၏ဘဝကို လက်မြှောက်အရှုံးမပေးဘဲ ငယ်စဉ်ကတည်းက လက်လှမ်းမီရာ စာအုပ်၊ စာစောင်များစွာကို ဖတ်ရှုလေ့လာခဲ့သူတစ်ဦး ဖြစ်ပါသည်။ယခုဆိုလျှင်ဖြင့် သူ၏အသက်မှာ ငါးဆယ်ဝန်းကျင်ရှိနေပါပြီ။ စာပေများများဖတ်ရှုလေ့လာခဲ့သော အကျိုးကျေးဇူးကြောင့် အသိပညာဗဟုသုတကြွယ်ဝပြီး စမ်းချင်ရာစမ်း မောင်ဘကျမ်းပင် ဖြစ်နေပါတော့သည်။ ကျွန်တော် စိတ်ဓာတ်ကျအားငယ်ရသော အချိန်အခါတွင် သူ့ဆီသွား၍ ရင်ဖွင့်ခဲ့ပါသည်။ကျွန်တော်၏ ဖြစ်နေသော ပြဿနာအရင်းအမြစ်ကို သေချာမေး၍ ဖြစ်သင့်ဖြစ်ထိုက်သည်ကို ကောင်းစွာနားလည်ပြီး လမ်းမှန်ပေါ်ရောက်အောင် ပြဿနာဖြေရှင်းတတ်အောင် ပုံတိုပတ်စနှင့်ဂဃနဏ စိတ်ရှည်လက်ရှည် သင်ပြ၊လမ်းပြနိုင်ပါသည်။ဆိုလိုသည်မှာ ဦးဝင်းတင့်သည် အတန်းပညာ၌ ဆုံးခန်းတိုင်အောင်မတက်ရခဲ့သော်လည်း ဘွဲ့ရပညာတတ်မဟုတ်ခဲ့ပါသော်လည်း သူ၏အတွေ့အကြုံနှင့် စာပေ၊ စာစောင်များကို ဖတ်ရှုလေ့လာခြင်းဖြင့် ထိုနှစ်ချက်ကို ပေါင်းစည်းလိုက်သောအခါ သူသည် အခက်အခဲများစွာကို ရင်ဆိုင်ကျော်ဖြတ်နိုင်သော သတ္တိရှိပြီး ကောင်းစွာကျော်ဖြတ်နိုင်ပါသည်။ ဦးဝင်းတင့်သည် ငွေကြေးချမ်းသာမှုမရှိခဲ့ပါသော်လည်း စာပေအသိပညာကြွယ်ဝမှုကြောင့် သူ၏ဘဝအေးချမ်းသာယာ၍ စိတ်ချမ်းသာမှုကို လက်ဝယ်ပိုင်ဆိုင်ခဲ့ရပါသည်။

သုတရသစာအုပ်၊စာပေများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ဂုဏ်ပန်းလှပါသည်။လူသားတိုင်းသည် စာဖတ်ခြင်းကို အချိန်ပေး၍ အကျင့်ကောင်းလေးတစ်ခုအနေဖြင့် ပြုလုပ်သင့်ပေသည်။စာပေများများဖတ်ရှုလေ့လာမှ စာဖတ်ခြင်းကို သဘောကျနှစ်ခြိုက်စေသည်။စာဖတ်ခြင်းကို မနှစ်သက်လျှင် ဘယ်သောအခါမှ ဉာဏ်ရည်မြင့်မားလာလိမ့်မည်မဟုတ်သလို ဉာဏ်ပညာလည်းမရှိနိုင်ပေ။ နှစ်ချို့ဝိုင်သည် သောက်ရန် အကောင်းဆုံးဖြစ်သကဲ့သို့ ရှေးစာဆိုတို့၏ စာပေများလည်း လူသားတိုင်းအတွက် ဖတ်ရှုလေ့လာရန်အကောင်းဆုံးဖြစ်ပါသည်။ အကယ်၍ စာအုပ်၊စာပေများကို ဖတ်ရှုလေ့လာမှုမရှိခဲ့လျှင် အသိအမြင် ဗဟုသုတမကြွယ်ဝနိုင်တော့ဘဲ လောကနှင့်လူသားကောင်းကျိုးများကို ကျယ်ပြန့်အောင် စွမ်းဆောင်နိုင်မှုရှိနိုင်မည်မဟုတ်ပေ။ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော တိုင်းပြည်နှင့်လူမျိုးမှန်သမျှသည် စာပေကို တန်ဖိုးထားလေးစားတတ်ကြပါသည်။ စာဖတ်ခြင်း၏ အကျိုးကျေးဇူးတရားများကိုလည်း ကောင်းစွာနားလည်သဘောပေါက်ကြပါသည်။ထို့ကြောင့် စာပေကိုချစ်၍ စာဖတ်စေချင်ပါသည်။စာဖတ်ခြင်းဖြင့် ရရှိလာသော အသိတရားများကို ပိုက်ဆံပေး၍ ဝယ်မရနိုင်ပေ။

**စာဖတ်ခြင်း အကြောင်းရင်း**

အလုပ်မရှိလျှင် စာဖတ်ပါ။စာဖတ်၍ ပိုက်ဆံမရနိုင်ခဲ့သော်လည်း ပိုက်ဆံရရန်အတွက် အတွေးအခေါ်ကောင်းများစွာနှင့် နည်းလမ်းကောင်းများစွာကို သိရှိနားလည်လာပါလိမ့်မည်။ အမေရိကန်၊ဂျာမနီနှင့်ဂျပန်နိုင်ငံများ တိုးတက်အောင်မြင်၍ ချမ်းသာစေသည့် အကြောင်းအရင်းများတွင် ပြည်သူပြည်သားများ စာဖတ်ခြင်းသည် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်ပါသည်။ စာပေများများဖတ်ရှုလေ့လာသူတစ်ဦး၏ရုပ်သွင်သည် တည်ငြိမ်ရင့်ကျက်လာတတ်ပြီး မည်မျှပင် အံ့ဩစရာများစွာနှင့်တွေ့တွေ့ မအံ့ဩတတ်ကြပေ။ စာဖတ်ခြင်းအားဖြင့် ဦးနှောက်၏ စွမ်းရည်မြင့်တက်လာပြီး ကောင်းမွန်လွန်းလှသော အတွေးအခေါ်များစွာ ပေါက်ဖွားစေပါသည်။ဆုံးဖြတ်ချက်များမှန်ကန်လာပြီး ချက်ချင်းဆုံးဖြတ်သင့်သောအရာကို တွေဝေမနေတတ်ဘဲ ချက်ချင်းဆုံးဖြတ်နိုင်ပါသည်။ စာဖတ်ခြင်းကြောင့် မကောင်းမှုများကို ရှောင်ရှားနိုင်ပြီး စာနာစိတ်များ တိုးပွားစေနိုင်ပါသည်။ စာဖတ်သူတိုင်းသည် မအောင်မြင်နိုင်သေးသော်လည်း ဘဝကိုလွယ်လွယ်နှင့် ဘယ်သောအခါမှ အရှုံးမပေးတတ်ကြပေ။

အချုပ်အားဖြင့်ဆိုသော် စာဖတ်ခြင်းသည် ဘဝခွန်အား၊စိတ်ခွန်အားကို အစဉ်အမြဲဖြစ်ပေါ်စေပါသည်။ စာဖတ်သူသည် ကိုလံဘတ်ကဲ့သို့ စွန့်စားရှာဖွေနိုင်ပါသည်။ စာဖတ်သူသည် နပိုလီယံကဲ့သို့ ရဲရင့်စေနိုင်ပါသည်။ စာဖတ်သူသည် မာလာလာကဲ့သို့ သတ္တိရှိနိုင်ပါသည်။ စာဖတ်သူသည် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ နိုင်ငံနှင့်လူမျိုးအပေါ်ကို များစွာတာဝန်ကျေနိုင်ပါသည်။စာဖတ်သူအတွက် ဘာမဆိုဖြစ်လာနိုင်သကဲ့သို့ မျှော်လင့်ချက်များလည်း ကောင်းစွာရှင်သန်နိုင်ပါသည်။ ထို့ကြောင့် အောင်မြင်သူတစ်ဦးဖြစ်ရန်အတွက် စာဖတ်ပါ။လူညံ့တစ်ဦးမဖြစ်စေရန် စာဖတ်ပါဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။

## နွေရာသီနှင့် ရေချမ်းစင်

❂ အိမ်ရှေ့က ရေချမ်းစင်
မန်ကျည်းပင် အရိပ်အောက်။
မောလာသူ ခရီးသွားတို့
နားခိုလို့သောက်။

❂ အလှူရှင် သဒ္ဓါပေါက်
ဖြိုးမောက်တဲ့ စေတနာ
ကြည်နူးဝမ်းသာ။
ရင်ထဲက ပီတိဖြာ
အကျိုးမှာ ဆယ်ပါး။
ရေကုသိုလ် အလှူဒါန
ပြုကြစို့လား။

❂ နွေရာသီ အပူများသမို့
ခရီးသွားရင်း အရိပ်ခို။
အမောပြေ ဝင်ရောက်လို့
သောက်လှည့်ပါဆို။
အပြုံးနှင့် ဆီးကာကြို
မေတ္တာကို ပုံလို့ပေး။
တို့ရိုးရာ ရပ်ဓလေ့က
ချမ်းမြေ့ဖွယ်လေး။ ။

မောင်လူစိုး

---

## ယဉ်ကျေးအလှမြဲ သင်္ကြန်ပွဲ
(လေးဆစ်တွဲ)

❖ တို့ရိုးရာ ယဉ်ကျေးမှု
အစဉ်ရှေးရှု စည်းကမ်းဆောင်၊
မေတ္တာကို ရှေ့ကထား
ကစားရအောင်၊
ငြိမ်းချမ်းတဲ့ လူ့ဘောင်
ပြည့်ဂုဏ်ရောင် တက်စေရေး၊
ညီညွတ်ကာ လက်တွဲလို့
ဆင်နွှဲစို့လေး။

❖ အတာရေ မြတ်ရေအေး
ဖျန်းပက်ပေး အပြန်လှန်၊
သူလောင်းချိန် ကောင်းဉာဉ်လွှမ်း
ရွှင်လန်းလို့ခံ၊
ကိုယ်လောင်းတော့ ယဉ်ကျေးပြန်
အစဉ်တွေးမှန် မေတ္တာအား၊
သူနှင့်ကိုယ် နားလည်မှု
ပေးပြုစိတ်ထား။

❖ ရှေးအစဉ်လာ ကောင်းမြတ်တရား
လေးစားလို့ အတူတူ၊
ပြည်မြန်မာ ရိုးရာဓလေ့
ပျော်မွေ့အယူ၊
တစ်ဦးနှင့်တစ်ဦး ကြည်ကြည်ဖြူ
ဉာဏ်မြူ မြန်မာ့အလှ၊
ပြည်တစ်ခွင် ခြိမ့်ခြိမ့်သဲ
ဆင်နွှဲပါကြ။ ။

ထက်အောင်လူ(နံ့သာမြေ)

✻ ကျောဖုံးမှ

မိနစ် ၇၀ တို့မှာ ဒီဘရိုင်းက နှစ်ဂိုး၊ ၄၇ မိနစ်မှာ လီဝစ်က တစ်ဂိုး၊ ၆၆ မိနစ်မှာ ဟာလန်းက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ လီဗာပူးအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်နဲ့ အဆင့်(၂)နေရာမှာ ရပ်တည်နေတာဖြစ်ပြီး လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ရမှတ် ၇၀ စီရရှိထားတာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

★ မြန်မာ့လက်ရွေးစင်မှ

ကူဝိတ်လက်ရွေးစင်ဖူဆယ်အသင်းနှင့် ခြေစမ်းကစားရာ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် မေ ၁၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် ထပ်မံခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဒေသတွင်းမှ လက်ရွေးစင်အသင်းများနှင့် ခြေစမ်းပွဲ သုံးပွဲကစားထားရာ ကူဝိတ်အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ကို အနိုင်ရထားပြီး အာဖဂန်နစ္စတန်အသင်းနှင့် ပထမခြေစမ်းပွဲတွင် ရှုံးနိမ့် ထားသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်အုံး အမည်ပေါက်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မဒ (UE1)တိုးချဲ့ရပ်ကွက်၊ BM ပတ်လမ်း၊ မြေကွက်အမှတ်(၁၇၂)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ ရှိသည့်အနက်မှ (၁၀ x ၆၀)ပေရှိ မြေချပါမစ် အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သန်းနွဲ့ [၁၂/ဥကတ(နိုင်)၀၃၉၂၃၄] က လက်ရောက် ရယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်သန်းနွဲ့မှ ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်မဒေါ်ဆွေမြင့် [၅/မမတ(နိုင်)၀၆၆၉၀၆] မှအရောင်းအဝယ်ပြုလုပ်ရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆွေမြင့် [၅/မမတ(နိုင်)၀၆၆၉၀၆]**
**(၁)ဝိုင်း၊ တောင်ဥက္ကလာပမြို့နယ်။**
**၀၉-၇၉၃၉၀၃၈၀၅၊ ၀၉-၄၂၀၀၀၁၁၃၆**

# သာစည်မြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ စာဖြေသံဃာတော်များအတွက် ရေလှူဒါန်း

**သာစည် မေ ၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ အမှတ်(၆)ရပ်ကွက် သာယာကုန်းကျောင်းတိုက်၌ ပါဠိပထမပြန်စာမေးပွဲ ကျင်းပဖြေဆိုလျက်ရှိရာ စာဖြေသံဃာတော်များ ရေအခက်အခဲမရှိစေရန် မြို့နယ်မီးသတ်ဦးစီးဌာနက ရေသယ်ယာဉ်ဖြင့် မတ် ၆ ရက်က ရေအခမဲ့ သွားရောက်လှူဒါန်းခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

ရေလှူဒါန်းရာတွင် တပ်ဖွဲ့ဝင်များက ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သွားရောက်လှူဒါန်းပေးခဲ့ပြီး စာမေးပွဲကျင်းပနေစဉ်အတွင်း ရေအခက်အခဲမရှိစေရန် လိုအပ်ပါက ဆက်လက်လှူဒါန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သာစည်မြို့နယ်မီးသတ်ဦးစီးဌာနသည် နွေရာသီကာလ ရေရှားပါးသည့်ကျေးရွာများနှင့်ဘုန်းတော်ကြီးကျောင်းများသို့ ရေလှူဒါန်းပေးနိုင်ရန် ဆောင်ရွက်ထားပြီး ရေအခက်အခဲရှိပါက ဖုန်း ၀၆၄-၂၀၆၉၁၃၁ နှင့် အရေးပေါ်ဖုန်း ၁၉၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



☆ MNL မှ

ဟံသာဝတီအသင်းမှာမူ ရောဝတီအသင်းနှင့် ဒဂုံစတားအသင်းတို့ကို နှစ်ပွဲဆက် အရေးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပွဲအသင်းက မြဝတီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက Dagon Port အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပထမအကျော့အပြီးတွင် အုပ်စု(ဂ)၌ ဒဂုံစတားအသင်းက ရမှတ် ၁၂ မှတ်ဖြင့် ဦးဆောင်နေပြီး ရောဝတီအသင်းက ကိုးမှတ်၊ ဟံသာဝတီအသင်းက ခြောက်မှတ်၊ Dagon Port အသင်းက သုံးမှတ်၊ ငွေကြယ်ပွင့်အသင်းက အမှတ်မရသေး၊ အုပ်စု(ဃ)၌ အား/ကာသိပွဲအသင်းက ၁၀ မှတ်၊ ရတနာပုံအသင်းက ကိုးမှတ်၊ သစ္စာအားမာန်နှင့် မြဝတီအသင်းတို့က လေးမှတ်စီ၊ ရက္ခပူရယူနိုက်တက်အသင်းက တစ်မှတ်ရရှိထားသည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**

# နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဌာနဆိုင်ရာ သင်္ကြန်ယိမ်းအဖွဲ့များ ရိုက်ကူးရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၆**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်ကြီးများ ဆောက်လုပ်ပြင်ဆင်လျက်ရှိသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း “ ခါသင်္ကြန်အဆိုအက ” အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေးစီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Audiotorium ခန်းမတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သင်္ကြန်ယိမ်းအဖွဲ့များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ သင်္ကြန်ယိမ်းအဖွဲ့များသည် သင်္ကြန်တေးသီချင်းများဖြင့် ရိုက်ကူးရေး ပြုလုပ်ခဲ့ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်သို့လည်း တစ်ဆက်တည်း ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)မှ သင်္ကြန်ယိမ်းအဖွဲ့များသည် ၎င်းတို့၏ဌာနတွင် သင်္ကြန်တေးသီချင်းနှင့် အကများဖြင့် ဓာတ်တိုက်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





သန်လျင်ခရိုင် သန်လျင်မြို့နယ် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူပြုယာဉ်ဖြင့်လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၅ ရက်က သန်လျင်မြို့နယ်အတွင်း အလွမ်းဆွတ်ကျေးရွာရှိ Shwe Sakar Co.,Ltd. နှင့် မိဘဂုဏ်ရည်အထည်ချုပ်စက်ရုံတို့၌ ပြုလုပ်ခဲ့ရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန သန်လျင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီရိကျော်နှင့် ဦးစီးအရာရှိ ဒေါ်အိအိချို(အလုပ်ရုံစစ်ဆေးရေး)တို့က အသိပညာပေး ဟောပြောစဉ်။ ဘော်ဂါသွေး

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၃၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်-၁၁၇၇၊ ၁၁၇၈၊ ၁၁၇၉၊ တစ်ကွက်လျှင် ဧရိယာ (၄၀ x ၆၀) ပေ၊ (၀.၅၅) ဧကရှိ မြေကွက် (၃) ကွက်ပေါင်း (၁၂၀ x ၆၀) ပေ၊ (၀.၁၆၅) ဧကရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်ရီရီသန်း (၁၂/ကမရ (နိုင်) ၀၄၆၁၅၃) အမည်ဖြင့် မှတ်သားတည်ရှိသော နှစ် (၆၀) ဂရန်မြေအမျိုးအစား ခြံမြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရီရီသန်း [၁၂/ကမရ(နိုင်)၀၄၆၁၅၃]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်မာသော အထောက်အထားစာချုပ်စာတမ်းမူရင်းများ နှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြတ်စုထွေး (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၀၃၀)**
**အမှတ် (၆၈/၁၈)၊ (၁၆) လမ်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၅၁၈၇၂၈၀၊ ၀၉-၇၉၈၄၇၇၆၇၅၊ ရုံးဖုန်း-၀၉-၄၃၀၇၃၄၄၆၊၀၉-၂၅၅၅၃၉၅၃၊၀၉-၂၅၅၅၆၅၉၁၊၀၉ -၂၅၄၁၃၆၅၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်-၁၄၁/၁၄၃၊ ၅-လွှာ (တိုက်ကိုမျက်နှာမူလျှင်-ညာဘက်ဆုံးခန်း)၊ အကျယ်အဝန်း( ၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမောင်ဝင်း (KMW-၁၄၃၀၉၆) [၁၀/ကမရ (နိုင်) ၁၉၆၀၃၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ မြေကွက်အမှတ်-၈၆၀၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ (၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅ )ဧကရှိ နှစ်(၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၀)ရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ်(၈၆၀)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကြည်မိုးနိုင် [၁၂/လမန(နိုင်)၁၄၂၄၇၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ(စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ ဗဟိုလမ်း၊ တိုက်(L)၊ အမှတ် (၃၀၂/၃၀၃)၊ မနော်ဟာရီရိပ်သာ(တတိယအလွှာ)နေ ဦးဘဌေးချစ် [၉/မထလ(နိုင်)၀၁၁၀၃၀]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် ကြေညာအပ်သည်မှာ -

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်အပိုင်း (၁)၊ (၆၅ B) (၄၂ x ၄၃) လမ်းကြား၊ ဦးပိုင်အမှတ် - ၁၄+၂၃၊ အကွက်အမှတ် (ခ-၉)ဟုခေါ်တွင်သော ဗိုလ်မှူးဘဌေးချစ် အမည်ဖြင့် (၁၉၉၀-၁၉၉၁) တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ချအပ်ထားသော ဂရန်အမှုတွဲအမှတ် - ၅၃၂/၉၀ - ၉၁ ၊ ဂရန်သက်တမ်း (၂.၉.၁၉၈၉)ရက်မှ (၁.၉.၂၀၁၉)ရက်ထိ၊ ဧရိယာ (၀.၁၁၀၂) အကျယ်အဝန်းရှိသော မြေကွက်အား ပိုင်ဆိုင်လက်ဝယ်ထားရှိခဲ့ရာ အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေမှ တစ်ဦးတည်းအမည်ပေါက်ထားရှိခဲ့ပြီး ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ပေါင်နှံထားခြင်းမရှိပါကြောင်း ကြေညာအပ်ပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲ တစ်ဆင့်လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းများမပြုလုပ်ရန်နှင့် ကျွန်ုပ်မိတ်ဆွေအနေဖြင့် မြေကွက်နှင့်ပတ်သက်၍ အထွေထွေကိုယ်စားလှယ်လွှဲစာသော်လည်းကောင်း၊ အထူးကိုယ်စားလှယ်လွှဲစာသော်လည်းကောင်း လွှဲအပ်ထားခြင်းမရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ထိုကဲ့သို့ အသိပေးကြေညာထားပါလျက် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ တရားမဝင် မြေပုံကူးယူခြင်းများ၊ အမည်ပြောင်း လျှောက်ထားခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်သဇင်မြင့် (LL.B., D.B.L, D.I.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၀၁၄၈)**
**အမှတ် (၁၉)၊ သဒ္ဓါသုခလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း - ၀၉ -၂၅၄၄၁၆၄၆၀**

**ဥတုရာသီ တောကိုမှီ၏**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး
## ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ အောက်ဖော်ပြပါတည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် မြန်မာနိုင်ငံသားကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

(က) ထားဝယ်မြို့၊ ဆန်းချီအိမ်ရာစခန်းဝင်းအတွင်း ၄ခန်းတွဲ ၄ထပ် လေးဘက်လှ ဧရိယာ(၁၇၁၂၄ စ/ပေ)ရှိ အရာထမ်းဝန်ထမ်း အိမ်ရာ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း

( ခ ) ထားဝယ်မြို့၊ ဝဲကျွန်းအိမ်ရာစခန်းဝင်းအတွင်း ၄ခန်းတွဲ ၄ထပ် လေးဘက်လှ ဧရိယာ(၁၇၁၂၄ စ/ပေ)ရှိ အရာထမ်းဝန်ထမ်း အိမ်ရာ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း

( ဂ ) ထားဝယ်မြို့၊ ဆန်းချီရေစက်အမှတ်(၁)မြေဖို့ခြင်း၊ ခြံစည်းရိုး Chain Link ကာရံခြင်း၊ ဂိတ်တံခါး အပါအဝင် ရေစက်အိမ် တည်ဆောက်ခြင်းနှင့် အဝီစိတွင်း ဆယ်ယူခြင်းလုပ်ငန်း

( ဃ ) ထားဝယ်မြို့၊ ဆန်းချီအိမ်ရာ တိုက်(၄)လုံး ပြင်ဆင်ခြင်းလုပ်ငန်း (တိုက်အမှတ် ၄၊ ၇၊ ၈၊ ၉) (အမိုး၊ ဆေး၊ မျက်နှာကြက်၊ ရေတံလျှောက်၊ အထွေထွေ)

( င ) ထားဝယ်မြို့ ၊ ဆန်းချီ + ဝဲကျွန်း ဝန်ထမ်းအိမ်ရာတွင် Car Stand (၂)ခု ပြုလုပ်ခြင်းလုပ်ငန်း

( စ ) ရေဖြူမြို့ ၆ခန်းတွဲ ၂ ထပ် ဝန်ထမ်းအိမ်ရာဝင်း အုတ်ခြံစည်းရိုး (၅၁၁')ကာရံခြင်းလုပ်ငန်း (ဂိတ်တံခါး slide Door ၂ ပေါက် အပါ)

(ဆ) မြိတ်မြို့၊ မြိတ်ခရိုင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး အကြီးစား ပြင်ဆင်ခြင်း လုပ်ငန်း (အမိုး၊ ပြတင်းတံခါး ပြုပြင်ခြင်း၊ မျက်နှာကြက်၊ အထွေထွေ)

( ဇ ) ဘုတ်ပြင်းမြို့ ဝန်ထမ်းအိမ်ရာဝင်းအတွင်း(၄)ခန်းတွဲ(၄)ထပ် လေးဘက်လှဧရိယာ (၁၀၈၈၅ စ/ပေ)ရှိ ဝန်ထမ်းအိမ်ရာ (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း

(ဈ ) ဘုတ်ပြင်းမြို့ ဝန်ထမ်းအိမ်ရာ (အုတ်+သံပန်း) ခြံစည်းရိုး (၉၉၄')ကာရံခြင်းလုပ်ငန်း (ဂိတ်တံခါး ၁ပေါက် အပါ)

( ည ) ဘုတ်ပြင်းမြို့ ဝန်ထမ်းအိမ်ရာ ၆ ခန်းတွဲ ၂ ထပ် တိုက်(၁)လုံး ပြင်ဆင်ခြင်း (အမိုး၊ ဆေး၊ မျက်နှာကြက်၊ ရေတံလျှောက်၊ အထွေထွေ)လုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - ၂၂-၄-၂၀၂၄ရက် (တနင်္လာနေ့) မှ ၁၀-၅-၂၀၂၄ရက် (သောကြာနေ့) (၁၆:၀၀)နာရီထိ |
| ( ခ ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက် | - ၂၄-၄-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) မှ ၁၅-၅-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) (၁၆:၀၀)နာရီထိ |
| ( ဂ ) | တင်ဒါဖွင့်ဖောက် ကြေညာမည့်ရက်/နေရာ | - ထပ်မံကြေညာပါမည်။ |

၃။ တင်ဒါလျှောက်လွှာဝယ်ယူခြင်း၊ လျှောက်လွှာတင်သွင်းခြင်းများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် သတ်မှတ်ရက်ရုံးချိန်အတွင်း ဆောင်ရွက်နိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(မှတ်ချက်။ လုပ်ငန်းအား အမှန်တကယ်စိတ်ဝင်စားပြီး လုပ်ငန်းအပေါ် စေတနာထားဆောင်ရွက်နိုင်ရမည်။)

**ဆက်သွယ်စုံစမ်းရန်ဖုန်း ၀၅၉-၂၀၂၃၈၆၅**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၉)၊ မြနန္ဒာလမ်း၊ မြေကွက်အမှတ်(၂၁၄)မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးစိုးမင်း အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဆန်းဦး [၁၂/ဥကတ(နိုင်)၀၈၂၀၈၇] မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီရီမြင့် [၁၀/ခဆန(နိုင်)၀၈၃၃၉၄]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် (၅-၄-၂၀၂၄)ရက်စွဲပါ အရောင်းအဝယ်စရန်ပေး စာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

---

